ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (30-1-2006) (၄၅၆)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

လုပ်ငန်းများ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး ကြိုးစားဆောင်ရွက် စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ် တွဲဖက်ထားသော ဘက်စုံရေလှောင်တမံစီမံကိန်းများတွင် သီးနှံစိုက်ပျိုးမှုအစီအစဉ်နှင့် ရေပေးဝေမှုကို စနစ်တကျ ရွေးချယ်စီစဉ်ဆောင်ရွက် ချမှတ်ထားသည့် သီးနှံစိုက်ပျိုးမှုအစီအစဉ်အတိုင်း တစ်ခွင်တစ်ပြင်လုံး ညီညီညွတ်ညွတ်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မကွေးလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၀၆

ဟားခါး
၀ ဒီဂရီစင်တီဂရိတ်

လားရှိုး
၁ ဒီဂရီစင်တီဂရိတ်

မချမ်းဘော
၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်နှင့် မိုးကုတ်
၃ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၁-၂၀၀၆
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြနှင့်ကျေးလက် ဆက်သွယ်မှု ပိုမိုတိုးတက် ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးလာ

ယနေ့ကာလသည်နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံး ညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရန်ကုန်တိုင်း တွံတေးမြို့နယ်၌ တည်ဆောက်ခဲ့သည့် ရခိုင်ချောင်တံတားဖွင့်ပွဲကို ဇန်နဝါရီလ ၂၂ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါတံတားသည် တပ်မတော်အစိုးရလက်ထက်တွင် ရန်ကုန်တိုင်းအတွင်း ၂၅ စင်းမြောက်ဖွင့်လှစ်သည့် ပေ ၁၈၀ အထက် တံတားကြီးဖြစ်ပြီး အရှည်ပေ ၂၅၀ ရှိသည်။

ရခိုင်ချောင်တံတားကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒလမြို့နယ်မှတစ်ဆင့် သခွတ်၊ ဝါးဘလောက်သောက် ကျေးရွာများကိုဖြတ်၍ ကော့မှူးမြို့ သို့လည်းကောင်း၊ ဒလမြို့နယ်မှ ရခိုင်ချောင်တံတား၊ သခွတ်တံတားတို့ကိုဖြတ်၍ သခွတ်၊ ဝါးဘလောက်သောက်၊ ဘို့ဒင်နှင့် တော်ကူးကျေးရွာများမှတစ်ဆင့် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့မှ ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်းသို့ ဆက်သွယ်ထားသည့် လမ်းမကြီးနှစ်ခုပေါ်ရှိ သစ်သားတံတားများကို သံကူကွန်ကရစ် တံတားများဖြင့် အစားထိုးတည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် ရခိုင်ချောင်တံတားလည်း အပါအဝင်ဖြစ်သည်။

ယခုအခါဒလ-သခွတ်-လက်ခုပ်ကုန်းနှင့် ဒလ-ကန်ဘဲ့-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းများကို ပတ်လည်ဆက်သွယ် သွားလာနိုင်ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအကျိုးပြုလျက်ရှိသည့်အပြင် ဒေသ၏ ကုန်စည်စီးဆင်းမှုမှာလည်း ပိုမိုလျင်မြန်သွက်လက်လာတော့မည်ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးတွင်အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ငွေအားလူအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာသည်ကို တွေ့ရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ ရခိုင်ချောင်တံတားကို ဖွင့်လှစ် ခဲ့သည့်နည်းတူ ကော့မှူးမြို့နယ် ဝါးဘလောက်သောက်တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးကုသဆောင်သစ်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့သည်။ ဝါးဘလောက်သောက်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ တည်ရှိနေပြီးဖြစ်သည့်အပြင် သံဃာဆေးကုသဆောင် တစ်ဆောင်ကိုယခုကဲ့သို့ ထပ်မံဆောက်လုပ်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအတွက်သာမက သံဃာတော်များအတွက်ပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်လျက်ရှိနေရာ မြို့ပြနှင့် ကျေးလက် ဆက်သွယ်ဆက်ဆံမှုများ ပိုမိုသွက်လက်မြန်ဆန်လာပြီး ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လူမှုရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်

လူမှုဘဝနယ်ပယ်များ မြင့်မား၊ အောင်မြင်မှု အညွှန်းကိန်းများတိုးတက်

နိုင်ငံတစ်နိုင်ငံ၏ လူမှုဘဝနယ်ပယ်ကဏ္ဍများသည် များပြားကျယ်ဝန်းပေသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလေ့လာကြည့်ရှုရာတွင် လူမှုဘဝ အညွှန်းကိန်းများနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်ပေသည်။ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း၊ သေနှုန်းကျဆင်းမှုနှုန်း၊ အလုပ်လက်မဲ့ဦးရေ လျော့ပါးမှုနှုန်းနှင့် လူမှုရေးကဏ္ဍနှင့် သက်ဆိုင်သော ဖြစ်ပေါ်မှုနှုန်းများက ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်ဖော်ညွှန်းပြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ကြိုးပမ်း အကောင်အထည်ဖော်နိုင်မှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူလူမှုရေးကဏ္ဍများလည်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည်။

နိုင်ငံအတွင်း ပညာရေးအခြေခံ အဆောက်အအုံများ ဖြစ်ထွန်းလာသဖြင့် ကျောင်းနေရာခိုင်နှုန်း၊ စာတတ်မြောက်မှုရာခိုင်နှုန်းများ နှစ်စဉ်မြင့်မားလာသကဲ့သို့ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များလည်း တိုးပွားလာသည်။ ကျန်းမာရေးကဏ္ဍ မြင့်မားမှုနှင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံမှုများကြောင့် လူ့သက်တမ်းများ ပိုမိုရှည်လာပြီး သေနှုန်းများ လျော့နည်းလာသည်။ စီးပွားရေး အခြေခံအဆောက်အအုံများ မြင့်မားလာသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများကို နည်းမျိုးစုံဖြင့် ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားစေပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ပိုမိုမြင့်မားတိုးတက်လာပေသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ မြင့်မားခိုင်မာမှု၊ အခြေခံအဆောက်အအုံများ ဘက်စုံကဏ္ဍစုံဖြစ်ထွန်းမှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝနယ်ပယ်အလိုက် မြင့်မားလာပေရာ တိုးတက်လာသော အောင်မြင်မှုအညွှန်းကိန်းများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။

တိုးတက်ဖြစ်ထွန်းလာသည့် လူမှုဘဝအညွှန်းကိန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	သူငယ်တန်းကျောင်းဝင်နှုန်း	၆၇.၁၃	၉၇.၅၈	၃၀.၄၅
၂	စာတတ်မြောက်မှုနှုန်း	၇၉.၇	၉၄.၁	၁၄.၄
၃	**သေနှုန်းကြမ်းကျဆင်းမှု(လူ၁၀၀၀လျှင်)**			
	- ကျေးလက်	၉.၉	၇.၁	(-)၂.၁၈
	- မြို့ပြ	၈.၉၆	၆.၂	(-)၂.၇
၄	**လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု**			
	- ကျေးလက်			
	- အမျိုးသား	၅၆.၂နှစ်	၆၀.၈နှစ်	၄.၇နှစ်
	- အမျိုးသမီး	၆၀.၄နှစ်	၆၃.၃၂နှစ်	၂.၉နှစ်
	- မြို့ပြ			
	- အမျိုးသား	၅၉.၀နှစ်	၆၁.၅နှစ်	၂.၅နှစ်
	- အမျိုးသမီး	၆၃.၂နှစ်	၆၅.၆နှစ်	၂.၄နှစ်
၅	အလုပ်အကိုင်ရရှိမှုဦးရေ(သန်း)	၁၉	၂၉	၁၀

နတ်မောက် စက်မှုလက်မှုအထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

နတ်မောက် စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၁) ရန်ကုန်ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ဗဟန်းမြို့နယ် ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကန်တော့ပွဲအတွက် အလှူငွေထည့်ဝင်နိုင်ရန် ဖုန်း-၅၅၆၇၅၄၊ ဦးခင်မောင်ကျော်၊ ဦးအုန်းသွင်၊ ဥက္ကဋ္ဌ ဦးငွေကြည်၊ ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၉၅၆၊ ဦးဝင်းတင် ဖုန်း-၅၇၈၃၅၅၊ ဦးအုန်းမြင့် (လက်ထောက် ကထိက စက်မှု/သိပ္ပံ အင်းစိန်)၊ ဦးစိုးတင့်(စိုးလျှပ်စစ်-၅၅၆၄၁၀)၊ ဦးထွန်းရီ ဖုန်း-၅၄၀၈၀၂၊ ဦးသန်းဝင်း(ဆလက)၊ ဦးတင်မြင့် (N-PEG Co.,Ltd-၆၆၁၈၉၂)၊ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပညာရေးတက္ကသိုလ်(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ပညာရေးတက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများက ဆရာကြီး၊ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများပေးအပ်စဉ်။ (ပညာရေး)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း ထွန်းလင်းရိပ်သာလမ်းနေ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးသန်းနိုင်အား ရည်စူး၍ ဒေါ်လှလှ (အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန၊ ပဲခူးဒီဂရီကောလိပ်)၊ သားကိုသူရိန်သန်းနိုင်-မအေးမင်းမင်းခိုင်၊ မြေး မောင်ဝင်းမိုးအောင်နှင့် မောင်အောင်ကောင်းခန့် မိသားစုတို့က ငွေကျပ် ၁၁၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ "အထူးဈေးရောင်းပွဲတော်"ကို ဖေဖော်ဝါရီ ၁ရက်မှ၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ည ၈နာရီအထိ ရန်ကုန်ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးဝင်းဘေးပတ်လမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် စက်မှု(၁)က ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက္ကားရောင်းချပေးမည်ဖြစ်ရာ မည်သူမဆိုလာရောက်ဝယ်ယူနိုင်ကြပြီး လာရောက်သူများအပန်းဖြေစေရန် ညစဉ် ညနေ ၆နာရီမှည၈နာရီအထိစင်တင်တေးဂီတများဖြင့် ဖျော်ဖြေပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် ဓမ္မာနုပဿနာသတိပဋ္ဌာန် ခုနစ်ရက်တရားစခန်းပွဲကို ဓမ္မကထိက ဆရာဦးသိန်းဆွေနှင့် အရန်တရားဟော ဓမ္မကထိကများက တပို့တွဲလဆန်း၈ရက်မှ ၁၄ရက်ထိ (ဖေဖော်ဝါရီ ၅ရက်မှ ၁၁ရက်)ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဖေဖော်ဝါရီလ ၄ ရက် ညနေ ၅ နာရီအရောက် သတင်းပို့ဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မကွေးတိုင်း ချောက်မြို့နယ်ရှိ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တမာပင်၊ ကြက်ဆူပင်နှင့် ဒေသ၌ဖြစ်ထွန်းမည့် အခြားသစ်ပင်များ ရွေးချယ်စိုက်ပျိုး မြေအစိုဓာတ်ရရှိပြီး စိမ်းလန်းစိုပြည်လာသည်နှင့်တစ်ပြိုင်နက် အမြဲစိမ်းပင်များ ဆက်စိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ သဘာဝပိုဗိုလန်(ပုပ္ပား) ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

ဆက်လက်ပြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ တွဲဖက်ထားသော ဘက်စုံရေလှောင်တမံစီမံကိန်းများတွင် သီးနှံစိုက်ဧကများအားလည်း တိုးတက်စေရအောင်နှင့် ရေအားလျှပ်စစ် လုပ်ငန်းအတွက်လည်း ရေအလျှင်မပြတ်စေရအောင် ရည်မှန်းပြီး အထိရောက်ဆုံး သီးနှံစိုက်ပျိုးမှုအစီအစဉ်(Crop Pattern)နှင့် ရေပေးဝေမှုကို စနစ်တကျ ရွေးချယ်စီစဉ်ဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် သီးနှံစိုက်ပျိုးမှုအစီအစဉ်အတိုင်း တစ်ခွင်တစ်ပြင်လုံး တစ်ဆက်တစ်စပ်တည်း ညီညီညွတ်ညွတ်စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများကို စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်ရွက်ရပ်မှနေ၍ တမံတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရေလွှဲမြောင်းအတွင်းရေစီးဆင်းမှု၊ ရေလွှဲမြောင်းဖြတ် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုနှင့် တံတားပေါ်မှနေ၍ မြေသယ်ယာဉ်ကြီးများဖြတ်သန်း၍ တမံဖို့မြေများ သယ်ဆောင်နေမှု၊ တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ပေ၊ ပင်မတမံပေ ၃၂၈၀၊ ကန်ပြည့် ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧက ၁၀၈၆၀ရှိပြီး တမံစီမံကိန်း ပြီးစီးပါက မဲဇလီရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ ဧကနှင့် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ဧကကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖူးရှာရေလှောင်တမံ

ထိုမှတစ်ဆင့် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဖူးရှာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်း

ကြီးအုံ-ကြီးဝ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ပေ၊ ပင်မတမံပေ ၃၂၈၀၊ ကန်ပြည့် ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာဧက ၁၀၈၆၀ ရှိပြီး တမံစီမံကိန်းပြီးစီးပါက မဲဇလီ ရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ ဧကနှင့် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်။ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းမှ နှစ်စဉ် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ကို ထုတ်လုပ်ပေးနိုင်မည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖူးရှာရေလှောင်တမံ စီမံကိန်းဧရိယာအတွင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးမည့် အစီအစဉ်နှင့် ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး မုန်းချောင်းကိုအခြေခံပြီး ဆောင်ရွက်နေသည့် မုန်းချောင်းရေလှောင်တမံ စီမံကိန်း၊ ဖူးရှာ ရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်လာစေရေးအတွက် လုပ်ငန်းများ အစီအစဉ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှနေ၍ ရေလွှဲဥမင်၊ ရေပိုလွှဲနှင့် တမံတည်ဆောက်မည့်နေရာတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖူးရှာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်ခန့်အကွာ ဖူးရှာအနီး မုန်းချောင်းအပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအမြင့် ၂၄၃ပေ၊ အလျားပေ ၆၀၄၀ရှိ၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက ၈၇၃၀ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၂၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ-ကြီးဝတမံတို့ကို ရေကူအားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တမာစိုက်ခင်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင်ဘုရားအနီးရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းသို့ ရောက်ရှိရာ တမာစိုက်ခင်း ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ဆောင်ရွက်နေမှုနှင့် နှစ်အလိုက်သစ်ပင်များ တိုးချဲ့စိုက်ပျိုးမှုနှင့် ရှင်သန်မှုအခြေအနေ၊ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ မြစ်ရေတင်စနစ်ဖြင့် တမာကြီးပင်နှင့် အခြားအပင်များ ဧက ၁၆၀၀ စိုက်ပျိုးထားရှိမှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧက ၃၀၀၀ ပြည့်အောင်စိုက်ပျိုးနိုင်ရေး စီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တမာစိုက်ပျိုးမဖြစ်ထွန်းသောနေရာများ၌ ဒေသအလိုက် ဖြစ်ထွန်းနိုင်မည့်အပင်များ ရွေးချယ်စိုက်ပျိုးရန် ပြောကြားသည်။

ရွေးချယ်စိုက်ပျိုး

ယင်းနောက် ရှုရပ်မှနေ၍ ရွှေပုံတောင်နှင့် ပတ်ဝန်းကျင်၌ တမာကြီးပင်နှင့် အခြားအပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် စိမ်းလန်းစိုပြည်နေမှုအခြေအနေများကို ကြည့်ရှုပြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတိုင်း တမာပင်၊ ကြက်ဆူပင်နှင့် ဒေသ၌စိုက်ပျိုးဖြစ်ထွန်းမည့် အခြားသစ်ပင်များ ရွေးချယ်စိုက်ပျိုးရန်နှင့် မြေအစိုဓာတ်ရရှိပြီး စိမ်းလန်းစိုပြည်လာသည်နှင့် တစ်ပြိုင်နက် အမြဲစိမ်းသစ်ပင်များ ဆက်လက်စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

ကမ္ဘာ့ဆီအုန်းဝယ်လိုအား၏ သုံးပုံတစ်ပုံ အင်ဒိုနီးရှား တင်ပို့မည် မလေးရှားနှင့်အတူ ပူးတွဲစိုက်ပျိုးထုတ်လုပ်သွားရန် သဘောတူညီ

ဂျကာတာ ဇန်နဝါရီ ၂၈

ကမ္ဘာ့ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဆီအုန်းအကြမ်း(စီပီအို)ဈေးကွက်၏ သုံးပုံတစ်ပုံကို အင်ဒိုနီးရှား နိုင်ငံက ထုတ်လုပ်တင်ပို့ရန် ရည်ရွယ်ထားကြောင်း ဆီအုန်းလုပ်ငန်းအသင်းက ဇန်နဝါရီ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဆီအုန်း အကြမ်းဈေးကွက်၏ ဝယ်လိုအားသည် ၂၀၀၆ ခုနှစ်တွင် တန်ချိန် ၃၃ သန်းရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံက ထိုဝယ်လိုအား၏ သုံးပုံတစ်ပုံမျှရှိသော ဆီအုန်းအကြမ်းတန်ချိန် ၁၀ ဒသမ ၅ သန်းကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သွားရန် ခန့်မှန်းထားသည်။

ရည်မှန်း

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၅ ခုနှစ်က ကမ္ဘာ့ဈေးကွက်သို့ ဆီအုန်းအကြမ်းတန်ချိန် ၉ ဒသမ ၆ သန်းကို တင်ပို့နိုင်ခဲ့သည်။ သို့ဖြစ်၍ ယခုနှစ်အတွက် တင်ပို့ရန် ရည်မှန်းထားသော ပမာဏသည် ယခင်နှစ်ကထက် ၉ ဒသမ ၄ ရာခိုင်နှုန်းပိုမိုများပြားကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆီအုန်းလုပ်ငန်းအသင်း(ဂပ်ကီ)မှလာသော စာရင်းအင်းများက ဖော်ပြသည်။

တင်ပို့

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ဆီအုန်းတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ ရရှိလိမ့်မည်ဟု ဂပ်ကီအသင်းဥက္ကဋ္ဌ ဒီရမ်ဘန်ဂန်က နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်၌ ဆီအုန်း တင်ပို့မှုတွင် မလေးရှားနိုင်ငံ ပြီးလျှင် အင်ဒိုနီးရှားနိုင်ငံသည် ဒုတိယနေရာတွင် ရှိသည်။ လက်ရှိ အခြေအနေတွင် အင်ဒိုနီးရှားနိုင်ငံ၌ ဆီအုန်း စိုက်ဧရိယာပေါင်း ဟက်တာငါးသန်း နီးပါးမျှရှိသည်။ ထို့အပြင် နောက်ထပ်လည်း ဆီအုန်းစိုက်ပျိုးမြေ အကျယ်အဝန်းကို ကာလီမန်တန်ကျွန်း၌ ဟက်တာနှစ်သန်း ထပ်မံတိုးချဲ့ရန် စီစဉ်လျက်ရှိသည်။

စီစဉ်

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အနောက်ဆုမတြားပြည်နယ်တွင် ဆီအုန်းဟက်တာ ၁၇၀၀၀ ကိုပူးတွဲစိုက်ပျိုးထုတ်လုပ်သွားရန် မကြာသေးမီက သဘောတူညီမှုရရှိခဲ့သည်။ လာမည့်အနာဂတ်တွင်လည်း ဆီအုန်းစိုက်ဧရိယာကို နောက်ထပ် ဟက်တာ ၅၀၀၀၀ အထိ တိုးချဲ့သွားရန်စီစဉ်လျက်ရှိကြောင်း သတင်းများက ဆိုသည်။

ထို့အပြင် မလေးရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ဆီအုန်းအကြမ်း ဈေးနှုန်းကို ပူးတွဲထိန်းချုပ်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

အထက်ပါ သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယိုနိုနှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီတို့၏ ရှေ့မှောက်တွင် သက်ဆိုင်ရာ နှစ်နိုင်ငံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်ဒိုနီးရှားနှင့် မလေးရှား နှစ်နိုင်ငံတို့၏ ဆီအုန်းအကြမ်း ထုတ်လုပ်မှု စုစုပေါင်းမှာ ကမ္ဘာ့ဆီအုန်း အကြမ်း ထုတ်လုပ်မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း နီးပါးရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြစ်မှုကျူးလွန်သည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦးကို ဖိလစ်ပိုင် အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ရန် မြို့တော်မနီလာရှိ အမေရိကန် သံရုံးရှေ့တွင် ကန့်ကွက်ဆန္ဒပြနေသည့် ဖိလစ်ပိုင်နိုင်ငံသား အချို့ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၏ ရေနှင့်ကျန်းမာရေး စောင့်ရှောက်မှုစီမံကိန်းများ မအောင်မမြင်ဖြစ်ရကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၂၈

အမေရိကန်တပ်ဖွဲ့ဝင်များဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်နိုင်ငံ၏ ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၏ ၆၀ ရာနှုန်းကို စီမံချက်ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း အမေရိကန် စာရင်းစစ်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ရေနှင့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်နွှယ်မှုရှိသည့် စီမံကိန်း ၁၃၆ ခုကို အကောင်အထည်ဖော်ဆောင်ရန် သတ်မှတ်ထားရာ စီမံကိန်း ၄၉ ခုကိုသာ အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်သည့် စီမံကိန်း ၄၂၅ ခုကို အကောင်အထည်ဖော်ရန် သတ်မှတ်ထားရာစီမံကိန်း ၃၀၀ ကိုသာ အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း အီရတ်ပြန်လည် တည်ဆောက်ရေးလုပ်ငန်း အထူးစစ်ဆေးရေးမှူးချုပ်ဖြစ်သူ စတူးဝပ်ဘိုဝင်၏ အစီရင်ခံစာအရ သိရှိရသည်။

အစီရင်ခံစာ

ယင်းသို့ စီမံကိန်းများ ဖော်ဆောင်ရာတွင် လုံခြုံရေးကဏ္ဍအတွက် အသုံးစရိတ် သိသိသာသာ မြင့်မားလာမှု၊ အီရတ်၏ အခြေအနေ ပြောင်းလဲမှုအပေါ် တုံ့ပြန်သည့် မဟာဗျူဟာပြောင်းလဲမှုနှင့် လုပ်ငန်းအစီအစဉ်များ စဉ်ဆက်မပြတ် ဖော်ဆောင်ရန် အသုံးစရိတ်တိုးမြင့်လာမှုစသည့်အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဘိုဝင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် စီမံကိန်းများ ဖော်ဆောင်ရာ မအောင်မမြင် ဖြစ်ရခြင်းမှာ ကနဦးကာလစီမံကိန်း ချမှတ်စဉ်က ထည့်သွင်းစဉ်းစားမှုမရှိခဲ့သည့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များနှင့် လက်တွေ့အခြေအနေများကို ပြတ်ပြတ်သားသား နားလည်မှုမရှိဘဲ စီမံကိန်းရေးဆွဲခဲ့ခြင်းတို့ကြောင့် ဖြစ်သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အီရတ်နိုင်ငံ၏ အခြေခံ အဆောက်အအုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုများ ရရှိခဲ့ကြောင်း၊ သို့ရာတွင် စီမံကိန်းကြီးများဖော်ဆောင်ရာတွင် အချို့သော စီမံကိန်းများ၌ ရည်မှန်းချက်အတိုင်း ပြည့်မီမှုမရှိကြောင်း အစီရင်ခံစာအရ သိရှိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့မှ မိုင် ၅၀ အကွာ ဂွာနာကျေးရွာတွင် စစ်ဆေးမေးမြန်းရန် အပေါင်းပါ တပ်ဖွဲ့က ဖမ်းဆီးထားသော အီရတ်တို့အား ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုဖြစ်ပွား နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း တာလီဘန်များအဖြစ် သင်္ကာမကင်းခံရသူများ၏ တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးသွားခဲ့ပြီး အခြားလူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိ တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ခုခံရေးသမားအချို့ကနယ်ခြားစောင့်ရဲတပ်ဖွဲ့ကင်းစခန်းကိုဗုဒ္ဓဟူးနေ့ညက တိုက်ခိုက်ကြကြောင်း၊ တိုက်ခိုက်မှုဖြစ်ပွားရာတွင် ခုခံရေးသမားတစ်ဦး သေဆုံးခဲ့ကြောင်း၊ အခြားသူများ အခင်းဖြစ်ပွားသည့်နေရာမှ လွတ်မြောက်သွားခဲ့ကြောင်း အာဖဂန်နစ္စတန် နယ်စပ်ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြီး ဟာရွန်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် မူးယစ်ဆေးဝါးမှောင်ခိုသမားများ ပူးပေါင်းပြီး တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့နှစ်ဖွဲ့သည် ဘဏ္ဍာရေးအရ အပြန်အလှန် ကူညီနေကြသည့် အဖွဲ့များဖြစ်ကြောင်း ဟာရွန်းက ပြောကြားသည်။

အခြား တိုက်ခိုက်မှုတစ်ခု ဟက်တီယာ ပြည်နယ်တွင် ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ တာလီဘန်ခုခံရေးသမားများက ရိုမယ်ခရိုင်ရှိ နယ်စပ်ရဲစခန်းကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ဟာရွန်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖလော်ရီဒါပြည်နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ဝါရှင်တန် ဇန်နဝါရီ ၂၈

အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် လိပ်ဘတ်ဇာလာဒေသတွင် ထရပ်ယာဉ်နှင့် ကျောင်းကြိုပို့ဘတ်စ်ယာဉ်တစ်စီးတို့ တိုက်မိကြသဖြင့် ကလေးငယ်ခုနစ်ဦး သေဆုံးကြောင်းဖြင့် စီအင်န်အင်န်သတင်းဌာနက ကြာသပတေးနေ့က ဖော်ပြသည်။

သေဆုံးသူများမှာ အသက်နှစ်နှစ်မှ ၁၅ နှစ်အတွင်းရှိ ကလေးများဖြစ်ကြပြီး အသက် ၁၅ နှစ်အရွယ်ရှိ နစ်ကီမန်းဆိုသူ အမျိုးသမီးက ယာဉ်မောင်းလာစဉ် ယင်းသို့ ဖြစ်ပွားခြင်းဖြစ်သည်။

ထရပ်ယာဉ်မောင်းသူက ကျောင်းပို့ယာဉ်ကို အဘယ်ကြောင့် နောက်မှဝင်တိုက်ရသည့်ကိစ္စကို စုံစမ်း စစ်ဆေးရေးမှူးများက ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျောင်းကြို ပို့ယာဉ်ပေါ်တွင် ကလေးငယ်ကိုးဦး စီးနင်းလိုက်ပါလာကြသည်။

အဆိုပါ ဘတ်စ်ယာဉ်ပေါ်မှ ကျောင်းသားငါးဦးကို ဆေးရုံတင်ထားရပြီး ၎င်းတို့အနက်မှ ကျောင်းသား သုံးဦး၏ အခြေအနေမှာ စိုးရိမ်ရသည့် အခြေအနေရှိနေသည်။ ဘတ်စ်ယာဉ်မောင်းသူလည်း ထိခိုက်ဒဏ်ရာ ရရှိသွားသည်။

အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံရေးအဖွဲ့က ယင်းယာဉ်တိုက်မှုနှင့် ပတ်သက်၍ စုံစမ်းရန်အတွက် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကိုလံဘီယာမှ ကလေးနှင့် အမျိုးသမီးများ လူမှုပြဿနာအဆိုးဆုံးခံစားနေရ

ဘိုဂိုတာ ဇန်နဝါရီ ၂၅

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုလံဘီယာ ကလေးသူငယ်များနှင့် အမျိုးသမီးများသည် လူနေမှုဘဝပြဿနာများ အဆိုးရွားဆုံးတွေ့ကြုံခံစားနေရသူများဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က တနင်္လာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဟေတီနှင့် ကိုလံဘီယာနိုင်ငံတို့သည် ယင်းဒေသတွင် လူနေမှုဘဝ ပြဿနာများ အဆိုးရွားဆုံး ခံစားနေရသည့် နိုင်ငံများဖြစ်ပြီး ယူနီဆက်၏ အကူအညီကို အများဆုံးရရှိခဲ့သည့် နိုင်ငံများဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

ကိုလံဘီယာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ဖြစ်ပေါ်စေကြောင်း၊ ကိုလံဘီယာနိုင်ငံသူ၊ နိုင်ငံသားများ၏ လူသားချင်းစာနာ ထောက်ထားရေးနှင့် စပ်လျဉ်း၍ နက်ရှိုင်းစွာ ထိခိုက်မှုရှိခဲ့ပြီး နိုင်ငံတွင် ဒုက္ခသည်ဦးရေ မြင့်မားမှု ဖြစ်လာခဲ့သည်ဟု ကိုလံဘီယာ လူသားချင်းစာနာထောက်ထားရေးပြဿနာဆိုင်ရာရုံး၏ အကြီးအကဲ ဒင်နီယယ်တူးလီက ပြောကြားသည်။

ယူနီဆက်က နိုင်ငံ ၂၉ နိုင်ငံ၏ လူနေမှုဘဝပြဿနာများကို ကူညီဖြေရှင်းရန်အတွက် နှစ်စဉ် ဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၈၀၅ သန်းကို အသုံးပြုလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မြကန်၏ ရေဝေရေလဲဒေသဖြစ်သည့် တုရင်တောင်တန်းသည် စုစုပေါင်း ဧက ၂၇၆၀ ကျယ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းဧကပေါင်း ၄၂၀၀ ကျော်၊ အပင်ပေါင်း ၉၈၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပျိုးအိတ်များတွင် ပျိုးကိုင်းများကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၃ မှ

တည်ဆောက်ရေး၏ သဘာဝပိုဇိုလန်(ပုပ္ပား) ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် (P1-13) ဒေသလုပ်ငန်းစခန်းအတွင်း စက်ယန္တရားများဖြင့် သဘာဝပိုဇိုလန် ကုန်ကြမ်းထုတ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန၏ သဘာဝပိုဇိုလန်(ပုပ္ပား) ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မျက်မှောက်ကာလကွန်ကရစ်တမံကြီးများ တည်ဆောက်ရာတွင် အရည်အသွေးကောင်းမွန်ပြီး တည်ဆောက်ချိန်ကာလ တိုတောင်းလျက် ကုန်ကျစရိတ်သက်သာစေရန် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောနှောအသုံးပြု၍ RCC Dam Roller Compacted Concrete Dam များအဖြစ် တည်ဆောက်မှုအခြေအနေ၊ မြန်မာနိုင်ငံ မီးတောင်ဟောင်းဒေသများ၌ သဘာဝပိုဇိုလန်ကို တွေ့ရှိရမှု၊ သဘာဝပိုဇိုလန် အမြောက်အမြားတွေ့ရှိရသည့် ပုပ္ပားဒေသ၌ သဘာဝပိုဇိုလန်စက်ရုံစီမံကိန်း ဆောင်ရွက်ပြီးစီးမှု၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောစပ်အသုံးပြုလျက် RCC Dam တည်ဆောက်နေမှု၊ လေ့လာစမ်းသပ်ချက်များအရ မြန်မာနိုင်ငံတွင် သဘာဝပိုဇိုလန် တန်ချိန် ၇၄ သန်းခန့် တူးဖော်ရရှိနိုင်မည့် အခြေအနေနှင့် နိုင်ငံခြားပို့ကုန်အဖြစ် ထုတ်လုပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံအတွင်းရှိ Laboratary Building၌ ကြိတ်ခွဲပြီး သဘာဝပိုဇိုလန်မှုန့်များ၏ အမှုန့် အရွယ်အစား (Finess) စမ်းသပ်ခြင်းပြုလုပ်မှုကိုလည်းကောင်း၊ စက်ရုံအတွင်း Ball Mill နှစ်လုံးဖြင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဘိလပ်မြေသယ်ယာဉ် ၃၅တန် ထရပ်ကားများ (Bulk Cement Truck-35 ton) ကားများအတွင်းသို့ သဘာဝပိုဇိုလန် ကုန်ချောများကို ကုန်ချော Silo မှ မှုတ်သွင်းစနစ်ဖြင့် ထည့်သွင်းမှုကိုလည်းကောင်း၊ တန် ၅၀၀၀ ဆံ့ စက်ရုံသိုလှောင်ရုံအတွင်း ကုန်ချောပိုဇိုလန်များကို တစ်တန်ဝင်အိတ်များအတွင်း ထည့်သွင်းမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် စက်ရုံမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထုတ်လုပ်မှုစွမ်းအား

သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ငရန့်ကုန်းရွာအနီး၌ တည်ဆောက်ထားပြီး ကုန်ကြမ်းထုတ်လုပ်ရာ (P1-9)ဒေသ လုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် ပမာဏ တန်ချိန် ၃ဒသမ ၅သန်းနှင့် (P1-13) ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် တန်ချိန် ၃၂ သန်း ထုတ်ယူနိုင်မည်ဖြစ်သည်။ ကုန်ချောသိုလှောင်နိုင်သည့် ပမာဏမှာ တန် ၁၄၀၀၀ ဖြစ်ပြီး စက်ရုံ၏ ထုတ်လုပ်နိုင်မှု စွမ်းအားမှာ တစ်နေ့လျှင် တန် ၁၀၀၀ ထုတ်လုပ်နိုင်ကြောင်းနှင့် ပိုဇိုလန်ကုန်ချောထုတ်လုပ်ခြင်းကို ၂၀၀၅ ခုနှစ် ဧပြီလတွင် စတင်ခဲ့ကြောင်း သိရသည်။

လောကနန္ဒာမြစ်ရေတင်စီမံကိန်း

ယင်းနောက် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေ ၄နာရီတွင် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ပင်မ မြစ်ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု၊ မြစ်ရေဖြင့် ဒေသတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ စပါးသီးနှံလျာထားဧကအတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပိုမိုပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်နေမှုနှင့် လက်တံမြောင်းများပြီးစီးမှုအခြေအနေကို တင်ပြသည်။ ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ စဉ်ဆက်မပြတ်ရေပေးနိုင်ရန်အတွက် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ ပင်မမြစ်ရေတင်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပင်မရေငြိမ်ကန်ကို ကြည့်ရှုစစ်ဆေးကြပြီး ပင်မမြောင်းကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့်လှည့်လည်ပြီး ပင်မမြောင်းအတွင်း ရေဝင်ရောက်မှုနှင့် လက်တံမြောင်းများအတွင်း ရေပေးဝေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးကြသည်။

မြကန်စိမ်းလန်းသာယာစိုပြည်ရေး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြကန်စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မြကန်အတွင်း သဲနုန်းများဖယ်ထုတ်ပြီး ရေနေရေးအတွက် ရေလုံလွှာခင်းခြင်း လုပ်ငန်းနှင့် ရေစိမ့်တား နံရံတည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းပြသသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တည်ဆောက်ရေး(၇)ညွှန်ကြားရေးမှူးဦးမျိုးထွန်းက မြကန်၏နောက်ခံသမိုင်း၊ မြကန်နှင့် စပ်လျဉ်း၍ စူးစမ်းလေ့လာမှုများ ဆောင်ရွက်မှု၊ ရေလှောင်တမံအတွင်း ကောင်းစွာ တာရှည်ရေသိုလှောင်နိုင်အောင် ဒီဇိုင်းရေးဆွဲပြုပြင်မှု အခြေအနေ၊ မူလတမံ၏အလျှောမှာ မတ်စောက်သည့်အတွက် တမံအတွင်းဘက်အလျှောကို ၁၂ ဒသမ ၇၅ ဖြင့် လည်းကောင်း၊ တမံအပြင်ဘက်အလျှောကို ၁၂ ဒသမ ၅ ဖြင့် လည်းကောင်း ပြန်လည်ပြုပြင် တည်ဆောက်၍ SC အမျိုးအစားမြေကြီးကို ဖို့မြေအဖြစ် အသုံးပြုခဲ့ပုံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြကန်၏ ရေဝေရေလဲဒေသဖြစ်သည့် ညောင်ဦးမြို့နယ် တုရင်တောင်တန်းသည် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ပိုက်လုမ်းတောင်နှင့် ကန်ကြီးကုန်းတောင်တို့ ပါဝင်ပြီး စုစုပေါင်းဧက ၂၇၆၀ ကျယ်ဝန်းကြောင်းနှင့် တုရင်တောင်ဒေသ၌ တမာ၊ ထနောင်း၊ ရှား၊ ဆူးဖြူ၊ ကန္တာစိမ်း စသည့် သဘာဝပေါက်ပင်များဖြင့် သဘာဝတောများကို ထိန်းသိမ်းထားရှိမှုအခြေအနေ၊ သစ်တောစိုက်ခင်းအဖြစ် ဧက ၁၃၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် မြကန်ရေဝေရေလဲ ဧရိယာ၌ စိုက်ခင်းဧကပေါင်း ၄၂၀၀ကျော်၊ အပင်ပေါင်း ၉၈၈၀၀၀ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က တုရင်တောင် မြကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် ပုဂံရှုခင်းကြည့်ဆောင်နှင့် Open Viewing Levelတို့မှနေ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကြည့်ရှုသည်။

မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့၌ ရောက်ရှိနေသော ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် တောင်သာမြို့နယ်ရှိ ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ ပင်မရေတင်စက်ဖြင့် မြစ်ရေတင်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ကျောဇီလျှပ်စစ် မြစ်ရေတင်စီမံကိန်း၏ တည်နေရာ၊ ဧရာဝတီမြစ်မှ ရေကို စုပ်တင်၍ ကျောဇီဒေသရှိ စပါးဧက ၄၀၀၀၊ ဝါဧက ၁၀၀၀ နှင့် အခြားဆီထွက်သီးနှံဧက ၃၀၀၀ စုစုပေါင်း ဧက ၈၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေမည့်အစီအစဉ်၊ ရေတင်လုပ်ငန်းအတွက် လျှပ်စစ် ဓာတ်အားအသုံးပြုမှုနှင့် လိုအပ်ချက်၊ ရေတင်စခန်းသုံးခုအတွက် ရေစုပ်စက်များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ မြောင်းမကြီးနှင့် လက်တံမြောင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ မိုးစပါးသတ်မှတ်လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေနိုင်ရန် ဧရာဝတီမြစ်၏ ရေလမ်းကြောင်း ကောင်းမွန်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က လက်တံမြောင်း၊ ပင်မမြောင်းများ အုတ်စီခြင်း လုပ်ငန်းအတွက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ရေတင်လုပ်ငန်းအတွက် လိုအပ်သော ရေရရှိရန် ၂၀၀၃ ခုနှစ်မှ စတင်၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

ကျောက်ပန်းတောင်းမြို့နယ်ရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရာဒေသ လုပ်ငန်းစခန်းတွင် စက်ယန္တရားများဖြင့် ကုန်ကြမ်းထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

သဘာဝပိုဇိုလန် ထုတ်လုပ်ရေး စက်ရုံသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ငရန့်ကုန်းရွာအနီး၌ တည်ဆောက်ထားပြီး ကုန်ကြမ်းထုတ်လုပ်ရာ (P1-9) ဒေသ လုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် ပမာဏတန်ချိန် ၃ဒသမ ၅သန်းနှင့် (P1-13) ဒေသလုပ်ငန်းစခန်းမှ သဘာဝပိုဇိုလန် တန်ချိန် ၃၂ သန်း ထုတ်ယူနိုင်မည်။

❖ စာမျက်နှာ ၅ မှ
ရေခေါ်၊ ရေကာရှစ်ခု၊ ရေလမ်းထိန်း ရေကာတစ်ခုတို့အပြင် သောင်တူးလုပ်ငန်းများပါ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအတွက် လုံလောက်သောရေရရှိအောင် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များဖြင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရေပေးဝေမှုစစ်ဆေး

ထို့နောက် ရေငြိမ်ကန်အတွင်းသို့ အချင်းလက်မ ၃၀ ရှိ သံပိုက်လိုင်းများဖြင့် ဧရာဝတီမြစ်မှတစ်ဆင့် ရေတင်မှု၊ ရေငြိမ်ကန်မှ ပင်မမြောင်းအတွင်း ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ပုဂံ–ညောင်ဦးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် စံပြပျိုးဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့ မျိုးဖောက်ခြင်း၊ ခြံစည်းရိုး ကြက်ဆူရိုင်း(မြန်မာ)အသီးစိမ်း၊ အသီးမှည့်၊ အသီးခြောက်၊ အစေ့နှင့် အပင်ပေါက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ် ဧက ၁၀၀၊ ပျိုးပင် ၁၂၀၀၀၀ ထူထောင်ထားရှိမှု၊ ခရိုင်အတွင်း ၂၀၀၆–၂၀၀၇ ခုနှစ်၌ ၂၈၁၃၉ ဧက စိုက်ပျိုးရန်လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ၃၆၃၃၆ ဧကနှင့် ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ၄၄၅၃၃ ဧက စိုက်ပျိုးရန် လျာထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း စိုက်ပျိုးလျာထားဧကအတွက် မျိုးစေ့နှင့်မျိုးကိုင်းများ လိုအပ်ချက်၊ မျိုးစေ့တင်း ၉၀ နှင့် မျိုးကိုင်း ၃၈၅၆၄၀၀ စုဆောင်းရရှိမှု အခြေအနေ၊ ညောင်ဦးခရိုင်အတွင်း ယခင်က ပေါက်လျက်ရှိသော အပင်ပေါင်းငါးသိန်းကျော်မှ မျိုးကိုင်း ၂၉သန်းငါးသိန်းခန့် ရရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

စံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပျိုးအိတ်များအတွင်း ပျိုးကိုင်းနှင့် ပျိုးစေ့များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံ–ညောင်ဦး လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ညောင်ဦးမြို့နယ်ရှိ ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့ မျိုးဖောက်ခြင်း၊ ခြံစည်းရိုးကြက်ဆူရိုင်း(မြန်မာ) အသီးစိမ်း၊ အသီးမှည့်၊ အသီးခြောက်၊ အစေ့နှင့် အပင်ပေါက်များကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးကြပ်မတ်

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ကော်မတီဝင်များ ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော် အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်ပြုလက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်၊ (၃)လမ်းနေ ဦးတင်ဦး၊ ဒေါ်သီဂီသန်းမောင်တို့၏ (၂၅)နှစ်မြောက် မင်္ဂလာနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၆
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကြည်နူးခံစား လက်ဆောင်ထုပ်ပိုးမှုများ
၇း၁၅	Star Album
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀	လှေကားသုံးထစ်ဆင်းတဲ့အခါ (အရိုင်း၊မင်းသူ၊အေးသီတာ)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ကုန်ပစ္စည်းမိတ်ဆက်
၈း၂၀	တေးဂီတအစီအစဉ်
၈း၃၅	မြန်မာ၊မြန်မာစကား(၇)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်သထုံခရိုင်)
၉း၁၅	မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ဘိုင်းဒါးတံတား
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	On The Ball
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၀း၂၅	ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ဆွာချောင်းရေလှောင်တမံ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	လိုင်စင်(မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့ ။

၂၀၀၆–ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၄၈၈၈၀)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပုဂံသင်္ဘောပေါ်သို့ ဆန်နှင့်ပဲအမျိုးမျိုးကို တိုက်ရိုက်တင်ပို့မှု ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေ အမှတ်(၅)တံတား ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက Belt Conveyor စနစ်ဖြင့် “ပုဂံ”သင်္ဘောပေါ်သို့ ဆန်အိတ်များ တင်ဆောင်မှုအခြေအနေ၊ Belt Conveyor တပ်ဆင်မှုအခြေအနေ၊ ကုန်အတင်အချပြုလုပ်ရာတွင် အနိမ့်အမြင့်ပြုလုပ်နိုင်ရန် ဂီယာနှင့် ဟိုက်ဒရောလစ် တပ်ဆင်ထားမှုအခြေအနေ၊ Conveyor Spiral Chute တပ်ဆင်ထားမှုအခြေအနေ၊ Belt Conveyor အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက Conveyor နှင့် ဆက်စပ်ပစ္စည်း တည်ဆောက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေ အမှတ်(၅)တံတားတွင် ဆိုက်ကပ်ထားသော “ပုဂံ”သင်္ဘောပေါ်သို့ ဆန်၊ပဲအမျိုးမျိုးတို့ Belt Conveyor ဖြင့် တိုက်ရိုက်တင်ပို့နေသည်များကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းတို့က ရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဆူးလေအမှတ်(၇)တံတားတွင် ဆိုက်ကပ်ထားသော MV. Beluga Project သင်္ဘောဖြင့် ဂျာမနီနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ထမံသီရေလှောင်တမံ ဘက်စုံစီမံကိန်းအတွက် မှာယူရောက်ရှိလာသည့် Trench Cutter နှစ်စုံနှင့် ဆက်စပ်ယန္တရားများကို သင်္ဘောပေါ်မှသယ်ချနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေ အမှတ်(၅)တံတားတွင် ဆိုက်ကပ်ထားသော ပုဂံသင်္ဘောပေါ်သို့ ဆန်နှင့် ပဲအမျိုးမျိုးတို့အား Belt Conveyor ဖြင့် တိုက်ရိုက်တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကောဏဂုံဘုရား ဝတ်တော်ကြီး ပြုပြင်တည်ဆောက်ရန် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

ငွေကျပ်သိန်း၁၈၀ကျော် အကုန်အကျခံ၍ မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွန်စေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်ဦးအနီးရှိကောဏဂုံဘုရား စံပယ်တော်မူရာ ကောဏဂုံဝတ်တော်ကြီးကို ပြုပြင်တည်ဆောက်လျက်ရှိသည်။

တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုသူ စေတနာရှင်ပြည်သူများအနေဖြင့် မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း-၀၅၇-၂၄၈၇၈၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း ဖုန်း-၀၅၇-၂၁၉၄၅၊ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဦးခင်မောင်သိန်း - စူဇန်သိန်း (စစ်ကိုင်း စိမ်းစိမ်း) တို့က သားသမီးများ မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းစဉ်။ (စာပေနှင့် စာနယ်ဇင်း)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ကန်တော်ကြီးကရဝိက်ခန်းမ ဒက္ခိဏခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် စာပေမိတ်ဆွေများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အလှူငွေပေးအပ်ပွဲတွင်ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က မိတ်ဆက်မင်္ဂလာစကား ပြောကြား၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဦးခင်မောင်သိန်း-စူဇန်သိန်း (စစ်ကိုင်း-စိမ်းစိမ်း)တို့က ၎င်းတို့၏ သားသမီးများမင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်ငါးသိန်း၊ ဦးထင်ကြီး ဒီဂျစ်တယ်စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သိန်းစုစုပေါင်း အလှူငွေ ကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့်ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)တို့က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အထိမ်းအမှတ် ညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

(၂၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် သတ္တမအကြိမ် FDI-MDA ပူးတွဲ အစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါညစာစားပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဒေါက်တာဝင်းမြင့်နှင့် ၂၀၀၄ခုနှစ်အတွက် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ)ဆုရ သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာ စာအုပ်ရေးသားသော ဒေါက်တာမိုလာ (ခေါ်) ဒေါက်တာမောင်မောင် တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကူညီပံ့ပိုးသော ဆေးကုမ္ပဏီများ၊ ညီလာခံတွင် တင်သွင်းသည့် အကောင်းဆုံး စာတမ်းရှင်ဆုနှင့် အားကစားပြိုင်ပွဲ ထူးချွန်ဆုများကို အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်နှင့် တာဝန်ရှိသူ များက အသီးသီးပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွဋ်၊ အတွင်းရေးမှူး ပါမောက္ခ ဦးမျိုးဝင်းတို့ အပါအဝင် အလုပ်အမှုဆောင် ၂၃ ဦးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၈ရက်က ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၅၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးမွှာရုံ၌ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဒသမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းဟေမာအား အသင်းဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်လှက အသင်း၏ ပညာတံခွန်ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ အရေးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ အဆိုပြိုင်ပွဲ
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၅ ၆။ အကပဒေသာ
- ၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၈။ အတီးပြိုင်ပွဲ
- ၅း၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၅း၄၅ ၁၀။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး” (အပိုင်း-၅၉)**
- ၆း၅၅ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်လှေကားထစ်လေးများ” (အပိုင်း-၃၄)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်ရွှင်ဖွယ်နေ့ကလေးများ” (အပိုင်း-၅)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁)

စိုး

အမျိုးသားညီလာခံက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ ချမှတ်ထားရာ၌ နိုင်ငံတော် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် **“နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်။ ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာ သုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်”**ဟူ၍ ချမှတ်ထားပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးအခွင့်အာဏာသည် အလွန်ပင် ကျယ်ပြန့်လှပါသည်။ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် လုပ်ငန်းများကိုလည်း နေ့စဉ်မလွဲမသွေ ကြုံတွေ့လုပ်ဆောင်ကြရစမြဲဖြစ်သည်။ ပြည်သူလူထု၏ နေ့စဉ်လူ့ပ်ရှား လုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှသည် အုပ်ချုပ်ရေးနှင့်ကင်းလျက် မရှိနိုင်ကြောင်း တွေ့မြင်ရပေမည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ထိုနိုင်ငံ၏ အစိုးရအဖွဲ့ပင်ဖြစ်သည်။ အစိုးရအဖွဲ့သည် လွှတ်တော်အဆင့်ဆင့်က ပြဋ္ဌာန်းသော ဥပဒေအရပ်ရပ်ကို လက်တွေ့လိုက်နာကျင့်သုံးပြီး အကောင်အထည် ဖော်ပေးရသည်။ လွှတ်တော်အဆင့်ဆင့်က ချမှတ်ပေးသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များကို မသွေမဖည် လိုက်နာကျင့်သုံးရသည်။ နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နေ့စဉ် စီမံဆောင်ရွက်ရသည်။ အုပ်ချုပ်ရေးဆိုင်ရာ အစိုးရယန္တရားကို အောင်မြင်ချောမွေ့စွာ လည်ပတ်စေကာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပါသည်။

ယခင်ဆောင်းပါးများဖြင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ရာ ယခုဆောင်းပါးဖြင့် အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်မှု အသွင်သဏ္ဍာန်၊ အနှစ်သာရတို့နှင့် စပ်လျဉ်းပြီး စတင်ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဍာန်နဲ့ အနှစ်သာရအပိုင်းကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အခုဆက်လက်ပြီး အနာဂတ် နိုင်ငံတော်မှာ ဖွဲ့စည်းဖြစ်ပေါ်လာမယ့် အုပ်ချုပ်မှုအသွင်သဏ္ဍာန်နဲ့ အနှစ်သာရအပိုင်းကို စတင်ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါရစေ။

ကြီးကြီးမြ – ကဲ–ကဲ ဆွေးနွေးတာလည်း ဆွေးနွေးတာပေါ့။ ဟော့ဒီ ရေနွေးကြမ်းနဲ့ ဆတ်သားခြောက် ပူပူလေးကိုလည်း ပူပူနွေးနွေး သုံးဆောင်ကြပါဦး။

ဘကြီးစိုး – မောင်ကျော်ရေ၊ မင်း ကြီးကြီးကိုယ်တိုင် စီမံထားတာလေးတွေ အားပေးလိုက်ကြဦးစို့။

စိုးမြကျော် – ခုလို ဆွေးလည်းဆွေးနွေး၊ ကျွေးလည်းကျွေးမွေးတဲ့ ဘကြီးနဲ့ကြီးကြီးတို့ရဲ့ နွေးနွေးထွေးထွေး ရှိမှုကတော့ တပ်မတော်အစိုးရက တိုင်းရင်းသားပြည်သူတွေအပေါ် ထားရှိတဲ့ စေတနာမေတ္တာနဲ့မခြား တစ်သားတည်းပါပဲလားလို့ ကျွန်တော်ခံစားနားလည်နေမိပါတယ်။

ကြီးကြီးမြ – မိဘဆိုတာ သားသမီးတိုင်းအပေါ်မှာ ကျောကသားလည်းသား၊ ရင်ကသားလည်းသား ဘယ်တော့မှ မခွဲခြားဘူး မဟုတ်လား။ ရင်သွေးဟူက ချစ်မဝဆိုသလိုသား၊ သမီးတိုင်းကို ဆင်စီးမြင်းရံဖြစ်စေချင်ကြတာချည်းပါပဲ။ နိုင်ငံတော်အကြီးအကဲက တိုင်းရင်းသားရေးရာတွေနဲ့ စပ်လျဉ်းပြီး မိန့်မှာတဲ့အခါတိုင်းမှာ ဒီသဘောထားအတိုင်း လိုက်နာဖော်ဆောင်ကြဖို့ အမြဲပြောကြားလေ့ရှိတာ ကြီးကြီးသတိပြုနေမိတယ်။ ဒါဟာ နိုင်ငံတော်က သွေးရင်းသားရင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ်ထားရှိတဲ့ စေတနာမေတ္တာတွေပါပဲကွယ်။

ဘကြီးစိုး – အဲဒီနိုင်ငံတော်ရဲ့ စေတနာမေတ္တာတွေ အမြဲမပြတ်ထင်ဟပ်နေတဲ့ အနာဂတ် နိုင်ငံတော်ဖော်ဆောင်မှုနဲ့ စပ်လျဉ်းပြီး မောင်ကျော့်ကို ရှင်းပြဖို့ ဘကြီးတို့ ကြိုတင်ပြင်ဆင်ထားကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ခက်မသုံးဖြာမှာ အုပ်ချုပ်ရေး မဏ္ဍိုင် တည့်မတ်ကြံ့ခိုင်ဖို့၊ ထက်မြက်သွက်လက်ဖို့၊ ချောမွေ့ပြေပြစ်ဖို့ လိုအပ်တယ်မဟုတ်လား။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ လွှတ်တော်အဆင့်ဆင့်က ပြည်သူတွေရဲ့ကိုယ်စား ဥပဒေပြုရေးအာဏာကို ကိုင်တွယ်ကျင့်သုံးပြီး နိုင်ငံနဲ့ပြည်သူလူထုအတွက် သင့်လျော်မယ့် ဥပဒေတွေကို ပြုစုပြဋ္ဌာန်းကြရသလို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ အဆင့်ဆင့်ကလည်း အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးပြီး အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေး ကိစ္စတွေ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရတယ်လို့ သိရှိမှတ်သားထားရပါတယ်။ အသေးစိတ် ရှင်းပြပေးပါဦး။

ဘကြီးစိုး – အမျိုးသားညီလာခံက အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းပြီး **“နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်”**လို့ အခြေခံမူ ချမှတ်ထားတယ်။ အလားတူ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက်လည်း အသေးစိတ်အခြေခံရမယ့်မူတွေ အများအပြား ချမှတ်ထားတယ်ကွယ့်။

ကြီးကြီးမြ – အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဍာန်ပေါ်လွင်ထင်ရှားလာ အောင်၊ ပိုပြီးမြင်သာ ထင်သာ ရှိလာအောင် ရှင်းပြပေးပါဦး ကိုစိုး။

ဘကြီးစိုး – အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူနဲ့ အသေးစိတ် အခြေခံရမယ့်မူတွေအရ အနာဂတ်နိုင်ငံတော်မှာ ဖြစ်ပေါ်လာမယ့် အုပ်ချုပ်မှု အသွင်သဏ္ဍာန်ကတော့–

- **ပြည်ထောင်စုအစိုးရအဖွဲ့၊**
- **တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊**
- **ပြည်နယ်အစိုးရအဖွဲ့များ၊**
- **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊**
- **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊**
- **ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့များ၊**
- **ခရိုင်အဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊**
- **မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊**
- **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့များ**

ဆိုပြီးရှိလာမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး အသွင်သဏ္ဍာန်ကတော်တော်ကျယ်ပြန့်နေတာ တွေ့ရပါတယ် ဘကြီး။ စိတ်ဝင်စားစရာပဲနော်။

ကြီးကြီးမြ – ဒါပေါ့ မောင်ကျော်ရယ်။ ဒီလို အသွင်သဏ္ဍာန်အရ ကျယ်ပြန့်လာအောင် ဖော်ဆောင်ပေးထားသလိုပဲ တိုင်းရင်းသားအားလုံးအတွက် လုပ်ပိုင်ခွင့်တွေ၊ အကျိုးကျေးဇူးတွေ၊ ဒီမိုကရေစီ ကျင့်သုံးပိုင်ခွင့်တွေဆိုတဲ့ အနှစ်သာရတွေလည်း ပိုမိုရရှိလာအောင် ဖော်ဆောင်ပေးထားတာ တွေ့နိုင်ပါတယ်။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်း
ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူမ
ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အဆို
နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အန
၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါ
အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအ
ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

ဘကြီးစိုး – ဟုတ်တယ်ကွယ့်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကျင့်သုံးခဲ့စဉ်က ဗဟိုမှာ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားများအတွက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရတွေနဲ့ ချင်းဝိသေသတိုင်းအတွက် ချင်းရေးရာကောင်စီသာ ရှိခဲ့တယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကျင့်သုံးခဲ့စဉ်ကလည်း ပြည်ထောင်စုအစိုးရရယ်။ တိုင်းရင်းသားများအတွက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီတွေသာ ရှိခဲ့တယ်။ အခုအမျိုးသားညီလာခံက ချမှတ်ထားတဲ့မူတွေအရ နောင်ပေါ်ပေါက်လာမယ့် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အသွင်သဏ္ဍာန်ပိုင်းမှာတော့ ဗဟိုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ (၁)ဖွဲ့ရှိမယ်။ တိုင်းရင်းသားများအတွက် ပြည်နယ်(၇)ပြည်နယ်မှာ ပြည်နယ်အစိုးရအဖွဲ့(၇)ဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ (၁)ဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ (၅)ဖွဲ့ ရှိလာမှာဖြစ်တဲ့အပြင် ကျန်တိုင်းဒေသကြီး(၇)ခုမှာလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့(၇)ဖွဲ့နဲ့ ရန်ကုန်ပြည်ထောင်စုနယ်မြေနဲ့ ကိုကိုးကျွန်းပြည်ထောင်စုနယ်မြေတို့အတွက် တာဝန်ပေးအပ်သွားမယ့် အုပ်ချုပ်ရေးကောင်စီ အဖွဲ့(၁)ဖွဲ့တို့လည်း ရှိလာမှာဖြစ်တယ်။ ဒါကြောင့် မကြာမီ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ထက်ရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ တိုင်းရင်းသား

“နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region) (၇)ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။ ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်”

များအတွက် အုပ်ချုပ်မှုအ
ဒီမိုကရေစီ ကျင့်သုံးပိုင်
ဖြစ်ပါတယ်။

စိုးမြကျော် – ဟုတ်တယ်နော် ဘကြီး။
အုပ်ချုပ်မှု အခွင့်အာဏာ
တကျနဲ့ ကျယ်ကျယ်ပြန့်ပြ
တို့ ပြည်နယ်၊ မိမိတို့ ဒေသ
ပိုပြီးအားတက်သရောနဲ့
အောင်အောင်မြင်မြင် ဆော

ကြီးကြီးမြ – ဒါတင်ဘယ်ကမလဲ မော
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥ
ကချင်ပြည်နယ်၊ ကယား
တို့မှာသာ အုပ်ချုပ်ရေးအ
တွေနဲ့ ဥပဒေပြုရေးအတွ
ရှိခဲ့တယ်။ သုံးလေးနှစ်အ
မရှိသေးဘဲ ကော်သူလေး
ကောင်စီနဲ့ ကရင်ရေးရာ
ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေ
ပြင်ဆင်ပြဋ္ဌာန်းပြီးတော့မှ
ကရင်ပြည်နယ်အစိုးရ ရှိလ
ချင်းဝိသေသတိုင်းအတွက်
ချင်းရေးရာဝန်ကြီးတစ်ဦးသ
ဝန်ကြီးက ဗဟိုပြည်ထော
ချင်းတိုင်းရင်းသားရေးရာ
ရရုံသာ ရခဲ့တာဖြစ်တယ်။
ချင်းရေးရာဝန်ကြီးကို အုပ်ချ
ပေးဖို့၊ အကြံဉာဏ်ပေးဖို့ဖြစ်
ဥပဒေကို ပါလီမန်က ပြ

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ဒါဆို
အုပ်ချုပ်မှုအသွင်သဏ္ဍာန်ဟ
အလွန်ကျယ်ကျယ်ပြန့်ပြန့်
သာရအားဖြင့်လည်း ဒီမိုက
တွေ အများကြီးရရှိဖြစ်ထွ

ဘကြီးစိုး – ဒါပေါ့ကွယ်။ အနာဂတ်နိုင်
ပုံသဏ္ဍာန်ကိုကြည့်ရင် ဗ
အမျိုးသားလွှတ်တော်နဲ့ ပြ
တစ်နိုင်ငံလုံးနဲ့ တိုင်းရင်းသ
ကို ရှေးရှုပြီး လိုအပ်တဲ့ ဥ
ပြည်ထောင်စုအစိုးရအဖွဲ့က
လုံးနဲ့ တိုင်းရင်းသားပြည်သ
အောင် စီမံအုပ်ချုပ်ဆော
တိုင်းဒေသကြီးတွေ၊ ပြည်န
ကြီး လွှတ်တော်၊ ပြည်နယ်
အပ်နှင်းထားတဲ့ဥပဒေပြုစာ

င်း (၁)

စိုးမြကျော်

ညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ချမှတ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ ကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော် ရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ ဝန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

်တွေဆိုတဲ့
ဖော်ဆောင်
ပုံ အခြေခံ
စုအစိုးရနဲ့
၊ ကယား
စိုးရတွေနဲ့
ကောင်စီသာ
ဒေကျင့်သုံး
င်းရင်းသား
ပြည်နယ်၊
ယ်၊ ရခိုင်
စီတွေသာ
တ်ထားတဲ့
န်နိုင်ငံတော်
ဗဟိုမှာ
င်းရင်းသား
ယ်အစိုးရ
ဦးစီးအဖွဲ့
ဖွဲ့ (၅)ဖွဲ့
ခုမှာလည်း
ပြည်ထောင်
တို့အတွက်
အဖွဲ့(၁)ဖွဲ့
မကြာမီ
ဒေသစ်ဟာ
ထက်ရော၊
င်းရင်းသား

ည်။
ဖြစ်
နယ်
ည်။
ဆင့်
(၇)
ည်”

များအတွက် အုပ်ချုပ်မှုအခွင့်အရေး၊ အကျိုးစီးပွားနဲ့ ဒီမိုကရေစီ ကျင့်သုံးပိုင်ခွင့်တွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။

စိုးမြကျော် – ဟုတ်တယ်နော် ဘကြီး။ တိုင်းရင်းသားတွေအတွက် အုပ်ချုပ်မှု အခွင့်အာဏာတွေကို ဒီမိုကရေစီနည်းလမ်းတကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုရရှိလာစေတာမို့ မိမိတို့ ပြည်နယ်၊ မိမိတို့ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုပြီးအားတက်သရောနဲ့ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြတော့မှာပဲနော်။

ကြီးကြီးမြ – ဒါတင်ဘယ်ကမလဲ မောင်ကျော်ရယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေစတင်ကျင့်သုံးတုန်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာသာ အုပ်ချုပ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဥပဒေပြုရေးအတွက် ပြည်နယ်ကောင်စီတွေ ရှိခဲ့တယ်။ သုံးလေးနှစ်အထိ ကရင်ပြည်နယ်ဆိုတာ မရှိသေးဘဲ ကော်သူလေးဒေသဆိုပြီး ကရင်ရေးရာကောင်စီနဲ့ ကရင်ရေးရာဝန်ကြီးပဲ ရှိခဲ့တယ်။ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၅၁ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းပြီးတော့မှ ကရင်ပြည်နယ် ကောင်စီနဲ့ ကရင်ပြည်နယ်အစိုးရ ရှိလာခဲ့တာဖြစ်တယ်။ ထို့အတူပဲ ချင်းဝိသေသတိုင်းအတွက် ချင်းရေးရာကောင်စီနဲ့ ချင်းရေးရာဝန်ကြီးတစ်ဦးသာ ရှိခဲ့တယ်။ အဲဒီချင်းရေးရာဝန်ကြီးက ဗဟိုပြည်ထောင်စုအစိုးရအဖွဲ့မှာ ပါဝင်ပြီး ချင်းတိုင်းရင်းသားရေးရာကိစ္စတွေကို ဆောင်ရွက်ခွင့်ရရုံသာ ရခဲ့တာဖြစ်တယ်။ ချင်းရေးရာကောင်စီကတော့ ချင်းရေးရာဝန်ကြီးကို အုပ်ချုပ်ရေးကိစ္စတွေမှာ အကူအညီပေးဖို့၊ အကြံဉာဏ်ပေးဖို့ဖြစ်တယ်။ ဥပဒေပြုခွင့်မရှိခဲ့ဘူး။ ဥပဒေကို ပါလီမန်က ပြုပေးတယ်။

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ဒါဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ဟာ တိုင်းရင်းသားများအတွက် အလွန်ကျယ်ကျယ်ပြန့်ပြန့် တည်ရှိလာမှာဖြစ်သလို အနှစ်သာရအားဖြင့်လည်း ဒီမိုကရေစီပိုင်ခွင့်တွေ၊ အကျိုးကျေးဇူးတွေ အများကြီးရရှိဖြစ်ထွန်းလာမှာပဲနော်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ အနာဂတ်နိုင်ငံတော်ရဲ့ တည်ဆောက်မှုပုံသဏ္ဌာန်ကိုကြည့်ရင် ဗဟိုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်တွေက တစ်နိုင်ငံလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးကို ရှေးရှုပြီး လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းကြမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေတွေနဲ့အညီ တစ်နိုင်ငံလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် စီမံအုပ်ချုပ်ဆောင်ရွက်မယ်။ အလားတူပဲ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော်တွေက မိမိတို့ကို အပ်နှင်းထားတဲ့ဥပဒေပြုစာရင်းပါ ကိစ္စတွေမှာ မိမိတို့ တိုင်းဒေသကြီး၊ မိမိတို့ပြည်နယ်အကျိုးအတွက် လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းကြမယ်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့တွေ၊ ပြည်နယ်အစိုးရအဖွဲ့တွေကလည်း ဥပဒေတွေနဲ့အညီ မိမိတို့တိုင်းဒေသကြီး၊ မိမိတို့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံအုပ်ချုပ် ဆောင်ရွက်သွားကြမှာ ဖြစ်တယ်။ ဒီအနေအထားကိုကြည့်ရင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ အကြားမှာ အဆက်အစပ်ရှိရှိ၊ ဟန်ချက်ညီညီ အပြန်အလှန် အထောက်အကူပြုပြီး ဆောင်ရွက်သွားနိုင်မယ့် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရကို တွေ့ရမှာဖြစ်ပါတယ်။

စိုးမြကျော် – အနာဂတ် နိုင်ငံတော်အတွက် အားတက်ကြည်နူးဝမ်းမြောက်စရာပါပဲ ဘကြီး။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူတွေ ချမှတ်ထားရာမှာ **“နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region)(၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်”** လို့ ချမှတ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့်မို့ အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အသွင်သဏ္ဌာန်အရ ဖြစ်တည်လာမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွေကို အက္ခရာစဉ်အရ ဖော်ပြရရင်–

- **ကချင်ပြည်နယ်အစိုးရအဖွဲ့၊**
- **ကယားပြည်နယ်အစိုးရအဖွဲ့၊**
- **ကရင်ပြည်နယ်အစိုးရအဖွဲ့၊**
- **ချင်းပြည်နယ်အစိုးရအဖွဲ့၊**
- **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **မွန်ပြည်နယ်အစိုးရအဖွဲ့၊**
- **ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊**
- **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊**
- **ရှမ်းပြည်နယ်အစိုးရအဖွဲ့၊**
- **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

ဆိုပြီး ဖြစ်လာမှာပေါ့နော်။

ဘကြီးစိုး – မောင်ကျော်ပြောတာ မှန်ပါတယ်။ အဲဒီလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အုပ်ချုပ်မှု အသွင်သဏ္ဌာန်တွေကို ဖော်ဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးသလို ဒေသတစ်ခုရဲ့ ထူးခြားမှုအရ အဲဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲဒီဒေသမှာ ဖြစ်ထွန်းလာမယ့် ဖွံ့ဖြိုးမှုမှတစ်ဆင့် တစ်နိုင်ငံလုံးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ ဖော်ဆောင်ထားတဲ့ အုပ်ချုပ်မှု အစီအမံတွေလည်း ရှိသေးတယ်ကွယ့်။

စိုးမြကျော် – ဘာများလဲ ဘကြီး။ ရှင်းပြပေးပါဦး။

ဘကြီးစိုး – **နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နဲ့ အနှစ်သာရအပိုင်းမှာ ဘကြီးတို့ ဆွေးနွေးခဲ့ကြပြီးဖြစ်တဲ့ ပြည်ထောင်စုနယ်မြေများ ဖွဲ့စည်းခြင်းပဲပေါ့ကွယ်။ ပြည်ထောင်စုနယ်မြေအဖြစ် ဖွဲ့စည်းတယ်ဆိုတာက နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နဲ့စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့ နယ်မြေတွေကို ရွေးချယ်ဖွဲ့စည်းတာကွယ့်။ အဲဒီလို ဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိဆောင်ရွက်တာပဲ ဖြစ်တယ်။ ဒါကြောင့် ဒီလိုဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုရင်လည်း ပိုပြီးထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်။ စီးပွားရေးအတွက်ဆိုရင်လည်း ပိုပြီးထိရောက်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ အကျိုးဖြစ်ထွန်းအောင်၊ အဲဒီဖွံ့ဖြိုးတိုးတက်မှုနဲ့ အကျိုးဖြစ်ထွန်းမှုတွေကတစ်ဆင့် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး အတွက် အကျိုးကျေးဇူးတွေ ပိုမိုရရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ အဲဒီလို ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ကိစ္စများနှင့် စပ်လျဉ်းပြီး ထူးခြားတဲ့နယ်မြေတွေကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် ဆောင်ရွက်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ဆောင်ရွက်နိုင်တယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထားတယ်ကွယ့်။**

စိုးမြကျော် – အနာဂတ်နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးအတွက် အကောင်းဆုံး ဖော်ဆောင်နိုင်အောင် စီမံထားတဲ့၊ အင်မတန်ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ အစီအမံပဲနော် ဘကြီး။

ဘကြီးစိုး – ဒါပေါ့မောင်ကျော်။ လက်ရှိချမှတ်ပြီးဖြစ်တဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေ အရဆိုရင်တော့ နိုင်ငံတော်ရဲ့အုပ်ချုပ်မှုအသွင်သဏ္ဌာန်မှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအပြင်–

(၁) ရန်ကုန်မြို့တော်ပြည်ထောင်စုနယ်မြေ နဲ့

(၂) ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုနယ်မြေ တို့ပါဝင်လာမှာ ဖြစ်တယ်။

စိုးမြကျော် – အဲဒီပြည်ထောင်စုနယ်မြေ(၂)ခုကို နိုင်ငံတော်သမ္မတက တိုက်ရိုက် အုပ်ချုပ် စီမံသွားမှာပေါ့နော် ဘကြီး။

ဘကြီးစိုး – နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာတော့ ရှိမယ်ကွယ့်။ ဒါပေမယ့် နိုင်ငံတော်သမ္မတက သူ့ကိုယ်စားအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်စေမှာဖြစ်တယ်။ အခု ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေအရ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့တော်ကောင်စီ (Yangon City Council)ဆိုတာကို ဖွဲ့စည်းပြီး အဲဒီကောင်စီက ရန်ကုန်မြို့တော် ပြည်ထောင်စုနယ်မြေနဲ့ ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုနယ်မြေတို့ရဲ့ အုပ်ချုပ်မှုကိစ္စတွေကို တာဝန်ခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကြီးကြီးမြ – အဲဒီလို နယ်မြေဒေသရဲ့ ထူးခြားမှုအရ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးအတွက် ဖော်ဆောင်ပေးထားတဲ့ အုပ်ချုပ်ရေးအစီအမံတွေရှိသလို တိုင်းရင်းသားလူနည်းစုတွေအကျိုးအတွက် ဖော်ဆောင်ပေးထားတဲ့အုပ်ချုပ်ရေး အစီအမံတွေလည်း ရှိသေးတယ်ကွယ့် မောင်ကျော်ရဲ့။

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ရှင်းပြပေးပါဦး။

ကြီးကြီးမြ – အဲဒါကတော့ တိုင်းရင်းသားလူနည်းစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖော်ဆောင်မှု အစီအမံပါပဲ။ အဲဒီ အစီအမံတွေအရ အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်မှာ ပြည်ထောင်စုနဲ့တိုင်း ဒေသကြီးတွေ၊ ပြည်နယ်တွေ၊ ပြည်ထောင်စုနယ်မြေတွေအပြင်–

- **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
- **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
- **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
- **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
- **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** နဲ့
- **‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊**

ဆိုပြီး ဖွဲ့စည်းဖြစ်တည်လာမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – တိုင်းရင်းသားလူနည်းစုတွေအတွက် အင်မတန်အကျိုးရှိတဲ့ အုပ်ချုပ်မှုအစီအမံပါပဲကြီးကြီး။

ကြီးကြီးမြ – ဒါတင်ဘယ်ကဦးမလဲကွယ်။ အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ အခြားဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့မတူတဲ့ ထူးခြားကောင်းမွန်တဲ့ အနှစ်သာရတွေရှိနေသေးတယ်။

စိုးမြကျော် – စိတ်ဝင်စားစရာပဲ ကြီးကြီး။ ရှင်းပြပေးပါဦး။

ကြီးကြီးမြ – ဒီလိုမောင်ကျော်ရဲ့၊ အနာဂတ်နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ ပါဝင်လာမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလို ဥပဒေပြုရေးအာဏာ ကျင့်သုံးမယ့် လွှတ်တော်တွေက သတ်သတ်၊ အုပ်ချုပ်ရေးအာဏာကျင့်သုံးမယ့် အစိုးရအဖွဲ့တွေက သတ်သတ် ပိုင်းခြားပြီး မဖွဲ့ဘူးကွယ့်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဆိုပြီး ဦးစီးအဖွဲ့တစ်ဖွဲ့တည်းကိုသာ ဖွဲ့သွားမှာဖြစ်တယ်။ အဲဒီဦးစီးအဖွဲ့ကပဲ ဥပဒေပြုရေး အာဏာကိုရော အုပ်ချုပ်ရေး အာဏာကိုပါ ပူးတွဲကိုင်တွယ်ကျင့်သုံးသွားရလိမ့်မယ်။ အဲဒီလိုတစ်ဖွဲ့တည်းက အာဏာနှစ်ရပ်ကို ပူးတွဲကိုင်တွယ်ကျင့်သုံးခွင့်ရတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေအနေနဲ့ မိမိတို့ဒေသရဲ့အကျိုးကို ပိုမိုထိရောက်၊ ကောင်းမွန်၊ မြန်ဆန်အောင် ဖန်တီးဖော်ဆောင်ခွင့်ရတာပေါ့ကွယ်။ ဒါဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအတွက် ထူးခြားတဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ဖြစ်သလို အခွင့်အလမ်း ပြည့်ပြည့်ဝဝရရှိစေတဲ့ ဒီမိုကရေစီအနှစ်သာရပဲ မဟုတ်လား။

ဘကြီးစိုး – ဒါတွေဟာ အမျိုးသားညီလာခံက တိုင်းရင်းသားလူနည်းစုတွေအတွက် ပကတိ အခြေအနေအရ အကောင်းဆုံးနဲ့ အကျိုးအရှိဆုံးဖြစ်အောင် ဖော်ဆောင်ပေးထားတဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေပါပဲ။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ တိုင်းရင်းသားတွေအတွက် ဘယ်တုန်းကမှ မရရှိခဲ့ဖူးသေးတဲ့ အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးနိုင်မှု အခွင့်အရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ပေးမှုရဲ့ အနှစ်သာရတွေလို့ ဆိုရမှာဖြစ်ပါတယ်။

ကြီးကြီးမြ – တကယ်တော့ တိုင်းရင်းသားလူနည်းစုတွေရဲ့ အကျိုးစီးပွားအတွက် အခုလို အခြေခံကျကျ၊ သဘာဝကျကျ စဉ်းစားသုံးသပ် ဖော်ဆောင်ပေးမှုမျိုးဟာ ကမ္ဘာ့နိုင်ငံအများစုမှာတောင် ခပ်ရှားရှားပါကွယ်။

စိုးမြကျော် – ဟုတ်တယ်နော်ကြီးကြီး။ စိတ်ဝင်စားစရာ အလွန်ကောင်းပြီး ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ဖွယ်ရာ ဖော်ဆောင်ပေးမှုတွေပါပဲ။

ဘကြီးစိုး – နောက်ထပ် ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ဖွယ်ရာတွေ ရှိသေးတယ်မောင်ကျော်။ အုပ်ချုပ်ရေးဆိုင်ရာ အစိုးရအဖွဲ့တွေ၊ ဦးစီးအဖွဲ့တွေ ရွေးချယ်ဖွဲ့စည်းမှုအပိုင်းကို ဘကြီးတို့ ဆွေးနွေးတဲ့အခါကျရင် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေကို အားပါးတရ တွေ့ကြရဦးမှာ ဖြစ်တယ်ကွယ့်။ ဘကြီးလည်း ညီလာခံပြန်ဝင်ရဦးမှာမို့ ဒီနေ့အဖို့တော့ နားလိုက်ကြဦးစို့။

စိုးမြကျော် – ကျေးဇူးပါပဲခင်ဗျာ။ လာမယ့်အပတ် စကားဝိုင်းဆွေးနွေးပွဲကို ကျွန်တော် စောင့်မျှော်နေပါ့မယ်။ ။

❒ **တိုင်းမှူးမှ**

အလွှမ်းဆွတ်မြစ်ရေတင် စီမံကိန်းဧက ၃၀၀သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်ဒ်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ စိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိသည့် အခြေအနေနှင့် စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က စိုက်ပျိုးရေ ရရှိမှု အခြေအနေနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးနှင့် စီမံကိန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးရှိ နွေစပါးအထူး ဇုန်ဧက ၅၀၀အတွင်း ရွှေမြန်မာ၊ ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးက နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးကြရန်မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအနီးရှိ ပဲတီစိမ်းသီးနှံ ပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၃၃၀၀သို့ရောက်ရှိလာပြီး အထူးဇုန်အတွင်း ပဲတီစိမ်းစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ပဲတီစိမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဇွဲတွန်ကျေးရွာအနီး သန်လျင်-ခရမ်း-သုံးခွကားလမ်းမိုင်တိုင်အမှတ်(၃၀/၅)ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)၏ ရန်ကုန်မြို့တော် မိုင်၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ပဲခူးတိုင်းအတွင်းရှိ စိုက်ဧက ၁၀၀၀၀နှင့် ရန်ကုန်တိုင်းအတွင်းရှိ စိုက်ဧက ၅၅၀၀၀ စုစုပေါင်းစိုက်ဧက ၆၅၀၀၀အတွက် စိုက်ပျိုးရေရရှိရန် ရေလှောင်တမံ၊ရေထိန်းတံခါး၊ ရေလွှဲဆည်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တူးမြောင်းနှင့် တူးမြောင်းတစ်လျှောက် Structureများ တည်ဆောက်ပြီးစီးမှု၊ မိုးယွန်းကြီးအင်းမှရေကို စစ်တောင်းတူးမြောင်းအတွင်းသို့ လွှဲယူပြီး ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် သနပ်ပင်-သုံးခွကားလမ်း အရှေ့ဘက်နံဘေးအတိုင်း တူးမြောင်းစနစ်ဖြင့် စိုက်ပျိုးရေသွယ်ယူပေးဝေရန် အရှည် ၂၄ ဒသမ ၄၁မိုင်ရှိ မြေသားတူးမြောင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် တူးမြောင်းတစ်လျှောက် ရေထိန်းရေမြှင့် အဆောက်အအုံ၊ ရေကျအဆောက်အအုံ၊ ကားလမ်းဖြတ်တံတားနှင့် တူးမြောင်းဖြတ် တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပဲခူးတိုင်း ကဝမြို့နယ် အုန်းနဲ့ကျေးရွာအနီးရှိ တူးမြောင်းမကြီး၏ တူးမြောင်းဖြတ်တံတားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပဲခူး-သန်လျင်ကားလမ်းဘေးရှိ နွေစပါး အထူးဇုန်ဧက ၅၀၀၀သို့ ရောက်ရှိလာပြီး တောင်သူဦးအောင်မောင်း၏ နွေစပါးစိုက်ခင်းဧက ၁၁၀အတွင်း မနောသုခနှင့် ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူ မျိုးစေ့များ ဝေငှပေးကာ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်ကိုကြည့်ရှုအားပေးပြီး ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် ပဲခူးမြို့ မဇင်းရေလှောင်တမံအနီးရှိ သီရိဝေရောစန စေတီတော်သို့ ဝင်ရောက်ဖူးမြော်ကြည်ညိုပြီး မဥ္ဇူသကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြလျှောက်ထားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့် မျိုးပွားခြံ(အင်းတကော်)သို့ရောက်ရှိလာရာ ခြံမန်နေဂျာ ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ရော်ဘာပျိုးခင်းလုပ်ငန်း၊ ရော်ဘာပြန်စိုက်လုပ်ငန်း၊ ရော်ဘာပင်ပျိုထိန်းသိမ်းလုပ်ငန်းနှင့် ရော်ဘာ အစေးလှီးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ (၂၀၀၅-၂၀၀၆)ရော်ဘာထုတ်လုပ်ရေး လျာထားချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ရော်ဘာ ဖူးဆက်ပျိုးပင်များနှင့် မျိုးသန့်ပျိုးပင်များကို လျာထားချက်ပြည့်မီအောင် တိုးတက်ထုတ်လုပ်ကြရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး ပျိုးခြံများအတွင်း ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (သတင်းစဉ်)

မဟာဗောဓိတထောင် ဆရာတော် ဝိဇာတ စိန်ရတု မွေးနေ့မင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၂၉

မုံရွာမြို့နယ် ခတက္ကန်တောင်ရွာမ မဟာဗောဓိတထောင်ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့် ဝိဇာတ စိန်ရတုမင်္ဂလာကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ ဖေဖော်ဝါရီ ၁၁ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ သံဃာတော်အပါး ၁၀၀၀၊ သီလရှင်အပါး ၁၀၀၀၊ သက်ကြီးအဘိုး၊ အဘွားနှင့် မိဘမဲ့ကလေး ၁၀၀၀ နှင့် ဘုရားကြီးတည်ထားခဲ့သော အင်ဂျင်နီယာနှင့်လုပ်သား ၁၀၀၀၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀တို့အား သင်္ကန်း၊ ဝတ်ရုံ၊ ဝတ်စုံ အစရှိသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီး ဌာပနာပွဲ၊ သံဃဒါန ဆွမ်းလောင်းပွဲ၊ ဗောဓိတထောင်သမိုင်းပြတိုက်ကြီးဖွင့်ပွဲနှင့် ဗောဓိတထောင် သံဃာ့ဆေးရုံဖွင့်ပွဲတို့ကို တပည့်သာဝကအပေါင်းတို့က စုပေါင်းပူဇော်လှူဒါန်းကြမည်ဖြစ်သည်။ (သတင်းစဉ်)

ယောနယ်အသင်း(ရန်ကုန်)အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

ယောနယ်အသင်း(ရန်ကုန်)၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း(၄၀) အမှတ်(၂၀၂) ဒုတိယထပ် (ယောနယ်အသင်းတိုက်) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီပလိုမာဘွဲ့ရသူများ ဖြစ်ကြသော အသင်းဝင်များ၏ သား၊ သမီးများသည် အမှတ်စာရင်း ထောက်ခံချက်နှင့်အတူ ဦးအေးမောင် ဥက္ကဋ္ဌ ဖုန်း-၂၄၀၆၁၄၊ ဦးအောင်မြ ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၈၆၄၄၇၊ ဦးသာလှ အတွင်းရေးမှူး ဖုန်း-၃၈၀၄၄၈ တို့ထံ ဇန်နဝါရီ ၂၉ ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အသင်းဝင်လိုသူများနှင့် အသင်းသူ၊အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ၊ အသင်းဝင်ကြေးများကိုလည်း တစ်ပါတည်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၄၄)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃ရက်က ကျင်းပပြီးစီးခဲ့သော (၄၄)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များစာရင်းနှင့် အလှူငွေ ရငွေစာရင်းကို အတွင်းရေးမှူး ဗိုလ်မှူး အောင်သန်း(ငြိမ်း)က ဖတ်ကြားရှင်းလင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ Mr. Kaleshar Raghunandan & Mrs.Mu M Raghunandan တို့က အမှတ် ၁၂၀၊ ၃၄ လမ်းရှိ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းသို့ ဇန်နဝါရီ ၁၉ ရက်က အလှူငွေ ကျပ်လေးသိန်းကို အသင်းဥက္ကဋ္ဌ ဦးရဲမြင့်၊ အတွင်းရေးမှူး ဒေါ်ခင်လှဝင်းနှင့် အမှုဆောင် ဦးစောထွင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်လည်စည်းဝေး၊ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ ရွေးချယ် တင်မြှောက်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၉

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ရွေးချယ်တင်မြှောက်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝိုင်အမ်စီအေ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ(ရွှေစွန်ညို)၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိုး(ကွမ်း-ပေါင်းတည်)တို့က ဖတ်ကြားတင်ပြပြီး အစည်းအဝေးက အတည်ပြုသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား ရွေးချယ်ကြသည်။

ထို့နောက် သက်ကြီးစာပေပညာရှင်ကြီး ခုနစ်ဦးတို့အား ပူဇော်ကန်တော့ကြသည်။ (ကြေးမုံ)

ဇန်နဝါရီ ၂၀ရက်က မင်္ဂလာဒုံ အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင် စတုတ္ထတန်းတွင် ပထမဆုရရှိသူ မောင်စွမ်းရည်ထက်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၆)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၇။ မေးမြန်းစူးစမ်း
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကောင်းကင်သိုင်းကွက် (အပိုင်း-၃)**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းများပြီးစီးမှုနှင့် မော်လမြိုင် ဘူတာရုံသစ်ကြီးတည်ဆောက်မှု ဝန်ကြီး ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်ရထားလမ်းအတွက် မြေသားတာပေါင် ဆောင်ရွက်ထားပြီး ကျောက်မဖြည့်မီ ဇလီဖားနှင့် သံလမ်း အကြမ်းခင်းခြင်းအား ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရန်ကုန် ဇန်နဝါရီ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်း လိုက်ပါ၍ ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပဲခူး-မုတ္တမလမ်း မိုင်တိုင်(၁၇၁/၀)ရှိ ရန်ကုန်-မော်လမြိုင် တိုက်ရိုက်ရထားလမ်းကြီးအတွက် အသစ်ဆောက်လုပ်နေသည့် မုတ္တမရပ်စခန်းဘူတာနေရာသို့ ရောက်ရှိပြီး သံလွင်တံတား(မော်လမြိုင်)သို့ မုတ္တမဘက်ကမ်း ချဉ်းကပ်ရထားလမ်း မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြေသားလုပ်ငန်းပြီးစီးနေသော အပိုင်းလိုက် ဇလီဖားနှင့် သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ ရထားဆိုက်ကပ်ရန် စင်္ကြံအဆောက်အအုံနှင့် ရပ်စခန်းဘူတာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မြေသားတာပေါင် လုပ်ငန်းသတ်မှတ် အတိုင်းအတာ ပြည့်မီရေးနှင့် ခိုင်ခံ့မှုရှိစေရေး၊ ရပ်စခန်းဘူတာသို့ မော်တော်ယာဉ်ဝင်ထွက်လမ်း ကောင်းမွန်အောင် ဆောင်ရွက်ရေး လုပ်ငန်းမြန်ဆန်အောင် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားသည်။

အဆိုပါ မုတ္တမဘက်ကမ်း ချဉ်းကပ်ရထားလမ်းအတွက် လက်ရှိ ရန်ကုန်-ပဲခူးရထားလမ်း မိုင်တိုင်(၁၆၉/၀)မှ စတင်၍ မိုင်တိုင်(၁၇၁/၀) အထိ တာပေါင်ထိပ်ဝ အကျယ်ပေ ၂၀နှင့် အမြင့်ပေ ၃၃ပေရရှိအောင် မြေသားတာပေါင် တည်ဆောက်ခြင်းလုပ်ငန်းကိုပါ မြန်မာ့မီးရထားမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်ရှိ ကားလမ်းကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုနှင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်ရထားလမ်းအတွက် မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဇလီဖားနှင့် သံလမ်း အကြမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ ရွှေပြည်အေးရပ်ကွက်ရှိ အမြင့် ၃၂ပေ ကားလမ်းကူး ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ဘူတာသစ်ကြီးနှင့် ယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူက သံလွင်တံတား (မော်လမြိုင်)သို့ နှစ်ဖက် ချဉ်းကပ်ရထားလမ်းများနှင့် တံတားများ၊ ကားလမ်းကူးနေရာများ ဆောင်ရွက်ပြီးစီးမှု၊ ဘူတာအဆောက်အအုံနှင့် ယာဒ်ဝင်းအတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ပစ္စည်းရရှိ စုဆောင်းမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းအလိုက် အသေးစိတ် ဆောင်ရွက်သွားမည့် အချက်အလက်များကို ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လုပ်ငန်းမြန်ဆန်မှုရှိစေရေး၊ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးအောင် အဆင့်လိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘူတာ ပလက်ဖောင်း၊ စင်္ကြံအမိုး သွပ်ပြားများ တပ်ဆင်ခြင်း၊ ရေတံလျှောက် ရေဆင်းကောင်းမွန်ရန် ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရောင်းချမည့်နေရာကို လည်းကောင်း၊ ပထမထပ်၌ ရုံးခန်းများ ဖွဲ့စည်းတည်ဆောက်ထားမှုကိုလည်းကောင်း၊ ဒုတိယထပ်၌ Control Tower အခန်း တို့ကို လည်းကောင်း လှည့်လည်စစ်ဆေးပြီး အဆောက်အအုံ စံချိန်စံညွှန်းပြည့်မီ ခိုင်မာရေး၊ ဘူတာ ယာဒ်ဝင်းအတွင်း အရိပ်ရပင်များ စိုက်ပျိုးပြီး စိမ်းလန်းသာယာမှုရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-တောင်ဝိုင်း ကားလမ်းကူးနေရာသို့ရောက်ရှိပြီး ကားလမ်းကူးနေရာနှင့် ရထားလမ်းကြခိုင်မှု ပိုမိုကောင်းမွန်စေရေးအတွက် လက်ရှိသစ်သား ဇလီဖားများ အတွင်း ကွန်ကရစ်ဇလီဖားဖြင့် ကြားညှပ်လဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ ဆက်လက်၍ မော်လမြိုင်-ရေး-ထားဝယ် ကားလမ်း၏ အောက်မှ ဖြတ်သန်းဖောက်လုပ်ထားသော ရထားဥမင်၏ မြေထိန်းနံရံ ဆောင်ရွက်မှု လုပ်ငန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူး-မုတ္တမ ရထားလမ်း၏ ဝေါမြို့နယ် ဆပ်သွားကုန်း ဘူတာအနီးမှ ရန်ကုန်-မန္တလေး ရထားလမ်း ဒိုက်ဦးဘူတာသို့ တိုက်ရိုက်ဖောက်လုပ်မည့် စစ်တောင်း (ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၊ ဆပ်သွားချို လမ်းခွဲဘူတာ ယာဒ်ဝင်းတည်ဆောက်မည့်နေရာသို့ရောက်ရှိပြီး ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း ရှင်းလင်းတင်ပြသည်။

ထိုမှ ဆက်လက်၍ စီမံကိန်း လမ်းကြောင်းတစ်လျှောက် မြေသား လုပ်ငန်းများပြီးစီးမှုနှင့် ၂၅၅ပေအရှည် စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ရမည့် နေရာသို့ရောက်ရှိ စစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

ရှေးဟောင်းစေတီတော် ပြုပြင်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း တွံတေးမြို့နယ် ချောင်းဝိုင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ပျက်စီးနေသော ရှေးဟောင်းစေတီတော်ကို ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသလ္လနှင့် သာကေတမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်နှစ်ပါးဦးစီး၍ ကုသိုလ်ရှင်များက စုပေါင်းပြုပြင်ပူဇော်ကြမည်ဖြစ်ရာ ဖုန်း-၃၇၅၇၉၈၊ ၅၄၇၀၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

တရားတော်ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာနနာယက သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် အရှင်မေဃိယသည် ဖေဖော်ဝါရီ ၂ရက်တွင် ကျောက်တန်းမြို့ ပါဒတောရကျောင်းတိုက်၌ ဦးကျော်သိန်း မိသားစု၏ အလှူပွဲ၊ ဖေဖော်ဝါရီ၅ရက်နှင့် ၆ရက်တွင် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကြို့ကုန်းရွာ ဗုဒ္ဓပူဇနိယပွဲတော်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်ဆဲလုပ်ငန်းများအတွက် ဇန်နဝါရီ ၂၇ ရက်က ဦးဘစံ၊ ဒေါ်လှကြည်တို့အား အမှူးထားပြီး ဦးဘထုပ်၊ ဒေါ်အောင်မေတို့အား ရည်စူး၍ မြိတ်မြို့ နောက်လယ်ရပ် အောက်လမ်းမကြီး အမှတ်(၅၆၀)နေ ဦးထွန်းရ၊ ဒေါ်ဂင်မော်(တက်နေလင်း)မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ တာချီလိတ်-မယ်ဆိုင် ဆက်သွယ်သည့် အမှတ်(၂) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားဖွင့် မြန်မာနှင့်ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်၊ ဘိလပ်မြေသယ်ကားများ ပြည်တွင်း၌ အောင်မြင်စွာထုတ်လုပ်၊ စီအင်န်ဂျီသုံး အပေါ့စားရထားစက်ခေါင်းတွဲများ တီထွင်ပြောင်းလဲစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

သိပ္ပံသုတေသနသင်္ဘော ကမ္ဘာတစ်ပတ် ရက် ၃၀၀အပြီး၌ တရုတ်နိုင်ငံသို့ ပြန်ရောက်၊ အိမ်ထောင်သည်များက တစ်ကိုယ်တည်းသမားများထက် စီးပွားပိုဖြစ်ဟုဆို၊ ဝေဒနာခံသာရေး ဓာတ်ရောင်ခြည်ကုထုံးကြောင့် အဆုတ်ကင်ဆာဝေဒနာရှင်များ အသက်ပိုရှည်ခွင့်ရ၊ အားကစား၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ သုံးသပ်ချက်ဆောင်းပါးများစသည့် နိုင်ငံတကာသတင်းစုံလင်စွာဖြင့် e-Empire Media Group ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က-ပ)

သမထဝိပဿနာတရား ဟောကြားပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး) က ကျောက်တံတားမြို့နယ် ၃၈ လမ်း (အောက်လမ်း) ဗုဒ္ဓဝိဟာရဓမ္မာရုံတော်ကြီးတွင် ဇန်နဝါရီ ၃၁ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ည၇နာရီမှ ၈နာရီခွဲအတွင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၃ရက်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အမက(၉) စမ်းချောင်း၏ ပညာရေး စုံညီပွဲတော် အခမ်းအနားတွင် (ဘာသာစုံထူးချွန်ဆုရ) Grade.1 **မှ မောင်ကောင်းခန့်ကိုအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မျိုးစန္ဒာအေး ဆုချီးမြှင့်စဉ်။** (ပညာရေး)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၉ရက်က အမှတ်(၄၇)ရပ်ကွက် ပညာဥယျာဉ်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်လှလှဌေးထံ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းရွှေ အလှူငွေပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့် (၈တန်း၊ ၉တန်း၊ ၁၀တန်း)နှင့် အခြေခံပညာအလယ်တန်းအဆင့် (၅တန်း၊ ၆တန်း၊ ၇တန်း) ကျောင်းများအလိုက် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်ပြိုင်ပွဲများကို ၄-၂-၂၀၀၆ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ စာစီစာကုံးပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ ကဗျာပြိုင်ပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်တွင် စစ်တက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ် တက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၊ သမဝါယမ ဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ပထမဘွဲ့မရသေးသော ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အခြေခံပညာ အထက်တန်းအဆင့်ပြိုင်ပွဲများကို ၄-၂-၂၀၀၆ ရက် မွန်လွဲ ၂ နာရီ (စနေနေ့) နံနက် ၉ နာရီမှ ၁၁နာရီထိ စာစီစာကုံးပြိုင်ပွဲကို လည်းကောင်း၊ ၁၂း၀၀နာရီမှ ၁၄း၀၀နာရီထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း၊ တစ်ချိန်တည်း ကျောင်းအလိုက် ကျင်းပမည်ဖြစ်သည်။ ၈တန်း၊ ၉တန်း၊ ၁၀တန်းကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲများကို ၅-၂-၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁ နာရီထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန်တည်းကျောင်းအလိုက် ကျင်းပမည်ဖြစ်သည်။ ၅တန်း၊ ၆တန်း၊ ၇တန်း ကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်နိုင်သည်။

စာစီစာကုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် စာစီစာကုံးသည် စာလုံးရေ ၅၀၀၀ ထက်မပိုစေရဘဲ၊ ကဗျာပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် ကဗျာသည် ပါဒ ၃၀၀ ထက် မပိုစေရပါ။

အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာကျောင်းများတွင် ၂-၂-၂၀၀၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိသက်ဆိုင်ရာ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများတွင် ၂-၂-၂၀၀၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ အဝေးသင်ဌာနခွဲများတွင် စာရင်းပေးသွင်း၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဝင်ရောက် ဖြေဆိုနိုင်ပါသည်။ ဗဟိုအဆင့် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး စုစုပေါင်း ၁၈ဦးတို့ကို ၂၀၀၆ ခုနှစ် မတ်လ ၂၇ရက် (တပ်မတော်နေ့)တွင် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ဇန်နဝါရီ ၁၂ ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်းမတည်ငွေ ကျပ်သိန်း ၅၀အကုန်အကျခံ ဆောင်ရွက်ပြီးစီးခဲ့သော မြို့မ (၃)ရပ်ကွက် အောင်သီရိ လမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအပြီးတွင် ကတ္တရာလမ်းသစ်ကို မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံ၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ယမန်နေ့နံနက် ၆နာရီတွင် ကျင်းပရာ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်နှင့် အသင်းဝင်များ၊ မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀ကျော်တို့က လုပ်ကွက်များခွဲကာ ချုံနွယ်မြက်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များသိမ်းဆည်းခြင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇန်နဝါရီ ၂၉

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာမည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲအောက် အနည်းငယ်လျော့နည်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

အောင်မင်းအောင်စေတီ ထီးတော်တင်ပွဲနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရွှေတိဂုံစေတီတော်အောင်မင်းအောင်စေတီထီးတော်တင်ပွဲနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဂေါပကအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အောင်မင်းအောင်စေတီ ထီးတော်တင်ပွဲနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နှစ်သစ်ကူး DVD နှင့် Cussons International Leather Soap အထူးဈေးရောင်းပွဲတော်ကို ယနေ့နံနက်တွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် (၅၂၀) ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Shopping Mall ၌ပြုလုပ်ရာ အမှတ်တံဆိပ်မျိုးစုံ DVD Model မျိုးစုံတို့ကို တစ်နေရာတည်းတွင် သက်သာ သောဈေးနှုန်း၊ အထူး Discount အပြင် လက်ဆောင်ပစ္စည်းများပေး၍ ရောင်းချလျက်ရှိသည်။

အဆိုပါ အထူးဈေးရောင်းပွဲတွင် Cussons International Co.,Ltd (England) မှ ထုတ်လုပ်သည့် Imperial Leather Classic Soap, Body Wash, Facial Wash၊Facial Scrup, Body Talc, Perfume Talc, Splash Colonge, Body Foam, Anti Perspirant Deodorant, Hydro System(Day & Night), Morning Fresh, Hand Soap,

န ၂ င ိ ့ အ တ ။

ကလေးအသုံးအဆောင်များဖြစ်သည့် Cussons Baby Soap, Baby Colonge, Baby Bath, Baby Shampoo, Baby Powder, Baby Lotion, Baby Oil, Baby Hair Lotion, Kids Toothpaste, Thick Wipes, Mini Bag, Small Bag တို့ကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ပြုလုပ်သည့် ဈေးရောင်းပွဲတော်တွင် ဝင်ရောက်လေ့လာဝယ်ယူသူများအား ကံစမ်းမဲဖွင့်၍ လက်ဆောင်များပေးအပ်ပြီး Talent & Models အဖွဲ့က ဖက်ရှင်သရုပ်ပြပွဲနှင့် အကများ၊ လူငယ်အဖွဲ့များ၏ တေးဂီတဖျော်ဖြေမှုများနှင့်အတူ နေအောင်၊ ဇော်ဝမ်း၊ ကင်းကောင်၊ ကုသိုလ်တို့ကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ ဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် Excel Shopping Mall တွင် နှစ်သစ်ကူး DVD နှင့် Cussons International Leather Soap အထူးဈေးရောင်းပွဲတော်ကို ကျင်းပရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုဆုငွေချီးမြှင့်

ဇန်နဝါရီ ၂၈ ရက်က (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုများ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြားပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆွတ်ခူး ရရှိခဲ့သော ဖော်ဝင်းထိုက်အား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၅၈)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၅၈)ကြိမ်မြောက် ဗဟို ကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၂၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ်(တိုးချဲ့) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်၊ တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ပြည်နယ်၊ တိုင်း ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ခုနှစ် ဇွန် ၂၈ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပသည့် (၅၇)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေး မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်သန်းက တင်ပြသည်။

ယင်းနောက် (၅၈)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာ၊ စေတနာလုပ်အားရှင်မူဝါဒနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၀၅-၂၀၀၉ တို့ကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်သန်းက အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဆောင်ရွက်ပြီးစီးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ IHCLA Project Co; (UNDP) **မှ ဝန်ထမ်းများဖြစ်သော ဦးလှဖြူချစ်၊ ဦးဉာဏ်လင်း၊ ဦးဆောင်းတင်၊ ဒေါ်ဝင်းဝင်းတင်၊ ဒေါ်ခင်မမထွေး၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်လွဲလွဲသိန်း၊ ဦးထွန်းထွန်းဦးတို့က ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ်မဂ္ဂင် ကျောင်းတော်ကြီးအတွက် လှူဒါန်းငွေ ကျပ်လေးသိန်းကို လယ်တီစံရိပ်သာ အကျိုးတော်ဆောင် ဦးခင်မောင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

ဖားအောက်ဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မော်လမြိုင်မြို့ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တ အာစိဏ္ဏ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ရာပြည့်ပွဲတော်အကြို တရားပွဲအဖြစ် ဖေဖော်ဝါရီ ၄ရက် (စနေနေ့) ညနေ ၆နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (၂၃)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်း နောက်ဆုံးနေ့၌ လာရောက်လှေ့လာအပန်းဖြေသူ နှစ်သိန်းကျော်ဖြင့် အများဆုံးစံချိန်တင်

ရန်ကုန် ဇန်နဝါရီ ၂၉

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ယနေ့နံနက် ၇ နာရီမှ ည ၇ နာရီခွဲအထိ နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် ပွဲတော်နောက်ဆုံးနေ့တွင် အများပြည်သူအလုပ်ပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သည်နှင့်အညီ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်သို့ ပြည်သူများသည် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများဖြင့် အစုအဖွဲ့အလိုက်လည်းကောင်း၊ တစ်ဦးချင်းလည်းကောင်း၊ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လေ့လာအပန်းဖြေကြသည်။

ကြည့်ရှုလေ့လာ

ပွဲတော်ကျင်းပသည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပန်ဒါနီ၊ မောက်တင် ကြိုးကြာ၊ ကြယ်လိပ်၊ ရွှေသမင်၊ ကျား၊ အောင်လောင်၊ တောင်ဆိတ်နီ၊ ငှက်ကုလားအုတ် အပါအဝင် နို့တိုက်သတ္တဝါ ၆၁မျိုး ကောင်ရေ ၅၆၁ကောင်၊ ကျေးငှက်သတ္တဝါမျိုး ၇၀ ကောင်ရေ ၄၁၅ကောင်၊ တွားသွားသတ္တဝါ ၁၆မျိုး ကောင်ရေ ၁၂၄ ကောင် စုစုပေါင်း ၁၄၇မျိုး ကောင်ရေ ၁၁၀၀တို့ကို လှောင်အိမ်များဖြင့် စနစ်တကျ မွေးမြူပြသထားရာ ပွဲတော်လာပြည်သူများ စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ထို့အပြင် ပွဲတော်တွင် အထူးအစီအစဉ်အဖြစ် ဖျော်ဖြေတင်ဆက်သည့် တိရစ္ဆာန်လိမ္မာပြပွဲနှင့် စတီရီယိုတေးသံရှင်များ၏ စင်တင်တေးဂီတ ဖျော်ဖြေပွဲတို့ကိုလည်း ပြည်သူများအားပေးကြည့်ရှုအပန်းဖြေကြသည်။

အလားတူတိရစ္ဆာန်ဥယျာဉ်အတွင်း လူသွားလမ်းတစ်လျှောက်၌ အိမ်သုံးကုန်၊ လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများ၊ မိသားစုအလိုက် လွယ်လင့်တကူ ဝယ်ယူစားသောက်သူများဖြင့် စည်ကားလျက်ရှိသည်။ ထို့အတူ ပွဲတော်လာပြည်သူများသည် ကလေးငယ်များ၏ တိရစ္ဆာန်ပုံစံဝတ်စုံပြပွဲနှင့်သီချင်းအဆိုပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကန်ငယ်အတွင်း၌ မိသားစုအလိုက် အပျော်စီးလှေများဖြင့် စီးနင်းအပန်းဖြေကြသည်။

အများဆုံးစံချိန်တင်

ယနေ့ပွဲတော်နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှုလေ့လာအပန်းဖြေသူ ပြည်သူနှစ်သိန်းနှစ်သောင်းကျော်ရှိသည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ် (၁၀၀)ပြည့် သမိုင်းတွင် လာရောက်လည်ပတ်လေ့လာသူဦးရေ အများဆုံးစံချိန်တင်နိုင်ခဲ့ပြီး အေးချမ်းပျော်ရွှင်စွာဖြင့် ပွဲတော်ကို ပိတ်သိမ်းခဲ့သည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ပဉ္စမနေ့တွင် လာရောက် ကြည့်ရှု လေ့လာအပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အလက(၄) ရန်ကင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကင်းမြို့နယ်၊ အလက (၄) ရန်ကင်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၅မှ ၂၀၀၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့နိုင်ရန် ကြွရောက်ကြရန်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင် ဖုန်း-၅၆၆၈၃၂ (ကျောင်း)၊ ၅၅၅၄၃၀ (အိမ်)၊ ဦးစိန်ဝင်း ဖုန်း-၅၄၁၆၇၃၊ ဦးစိန်သိုက် ဖုန်း-၀၉ ၈၀ ၂၀၇၃၆၊ ဒေါ်နွယ်နီဇင် ဖုန်း-၅၄၂၇၄၂၊ ဦးဉာဏ်ထက် ဖုန်း-၀၉ ၅၁ ၃၆၇၇၃၊ ဦးချမ်းငြိမ်းအောင် ဖုန်း-၅၅၉၃၃၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ပညာရေး)

ဖေဖော်ဝါရီလ ပထမ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇန်နဝါရီ ၂၉

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲအောက် လျော့နည်းနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

သရုပ်ပြလေ့ကျင့်

ဇန်နဝါရီ ၁၆ရက်က သံဖြူဇရပ်မြို့ မြို့မဈေးကြီး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး မင်းခင်မောင်ဦး၊ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဈေးလူမှုရေးကော်မတီဝင်များ၊ ဈေးသူ၊ ဈေးသားများ ပူးပေါင်း၍ ဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

မုန်းချောင်း၊ ပူးရွာနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တာမံစီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်လာစေရေး လုပ်ငန်းများအစီအစဉ်တကျ ဆောင်ရွက်

ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ကြီးအုံ-ကြီးဝ ရေလှောင်တာမံဘက်စုံစီမံကိန်းသို့ရောက်ရှိကြသည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ တမံချဉ်းကပ်လမ်း၊ ရေစီမံ့တား နံရံတည်ဆောက် ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ရေလှောင်တာမံစီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရာ၌ ပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က စီမံကိန်းအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှု၊ စက်ယန္တရား အသုံးပြုနိုင်မှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် စီမံဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော် အကြီးအကဲ၏ ခရီးစဉ်တွင် တင်ပြလမ်းညွှန်မှု ခံယူပြီးဖြစ်သည့် မုန်းချောင်းဆည်ရေဖြင့် ရေသောက်ဧရိယာ တိုးချဲ့ဖော်ထုတ်ရေးနည်းလမ်းသုံးသွယ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က စီမံကိန်းများ ဆောလျင်စွာ ပြီးစီးသည်နှင့်အမျှ ပြည်သူများ အကျိုးကျေးဇူး အမြန်ဆုံးရရှိခံစားရသည်ဖြစ်သဖြင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် အလေအလွင့်မရှိအောင်ထိန်းသိမ်းပြီးလုပ်ငန်းများမြန်ဆန်ထိရောက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ⇨

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးရှိ နွေစပါးအထူးဇုန်တွင် ရွှေမြန်မာ၊ဆင်းသွယ်လတ်စပါးများစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ စစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ခရမ်းနှင့် သုံးခွ မြို့နယ်များသို့သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီးရှိ ဇာမဏီအင်း ရေလှောင်တမံသို့ ရောက်ရှိလာပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ဆည်ရေဖြင့်စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက ဆည်ရေအလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းပေးဝေကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ရေကြောင်းပညာတက္ကသိုလ်ရှေ့ရှိ သန်လျင်မြို့နယ်ကျေးရွာချင်းဆက်လမ်းများ စိမ်းလန်းစိုပြည်ရေး၊ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိလာပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၉၀၀၀၊ မျိုးကိုင်း ၁၀၀၀၀၊ ပျိုးပင် ၉၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာအနီးရှိ သီလဝါ ရေလှောင်တမံသို့ရောက်ရှိလာပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ဆိုင်ဖွန်စနစ်ဖြင့် နွေစပါး ခင်းများအတွင်းစိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အလွမ်းဆွတ်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ဆောင်းပါးအညွှန်း

- ***နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်။***
- ***မကြာမီဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်ရော၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ထက်ပါ တိုင်းရင်းသားများအတွက် အုပ်ချုပ်မှုအခွင့်အရေး၊ အကျိုးစီးပွားနဲ့ ဒီမိုကရေစီ ကျင့်သုံးပိုင်ခွင့်တွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။***
- ***အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အသွင်သဏ္ဌာန်ဟာ တိုင်းရင်းသားများအတွက် အလွန် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိလာမှာဖြစ်သလို အနှစ်သာရအားဖြင့်လည်း ဒီမိုကရေစီ ပိုင်ခွင့်တွေ၊ အကျိုးကျေးဇူးတွေ အများကြီး ရရှိဖြစ်ထွန်းလာမှာပဲ။***

စိုးမြကျော်၏ **“အနာဂတ် နိုင်ငံတော်၏ အုပ်ချုပ်မှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁)”**

ဆောင်းပါး (စာမျက်နှာ ၈/၉)